ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့၊ (11-9-2014) (၇၉၆၀)

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် ဘယ်အခါမျှ မပြေငြိမ်းနိုင်ကုန်။ ရန်တို့ မမူခြင်းဖြင့်သာလျှင် ရန်ပြေငြိမ်းနိုင်ကုန်၏။

ဤတရားသဘောကား လောကစဉ်လာ ဓမ္မတာဖြစ်ပေ၏။

(ဓမ္မပဒ)

**မိုးရွာသွန်းမှု**

၁၀-၉-၂၀၁၄

| | | |
|---|---|---|
| ဂန့်ဂေါ | ၂ ဒသမ ၇၂ | လက်မ |
| တောင်ငူ | ၂ ဒသမ ၄၈ | လက်မ |
| (လေကြောင်း) | | |
| နေပြည်တော် | ၂ ဒသမ ၃၆ | လက်မ |
| (ဇေယျာသီရိ) | | |
| မှုံ | ၂ ဒသမ ၁၃ | လက်မ |

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ရှဲလ်ကုမ္ပဏီအမှုဆောင်အရာရှိချုပ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**သည်ဟော့ဂ် စက်တင်ဘာ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား Shell ကုမ္ပဏီအမှုဆောင်အရာရှိချုပ် Mr.Ben van Beurden နှင့်အဖွဲ့သည် စက်တင်ဘာ ၉ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် သည်ဟော့ဂ်မြို့ရှိ ခေတ္တတည်းခိုသည့် Bel Air Hotel ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် Shell ကုမ္ပဏီအမှုဆောင်အရာရှိချုပ်နှင့်အဖွဲ့က မြန်မာနိုင်ငံ၌ Shell ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ နည်းပညာဆိုင်ရာ အကျိုးအမြတ်ရရှိမှု၊ ကမ္ဘာ့စွမ်းအင်အနေအထားနှင့် မြန်မာနိုင်ငံအတွက် အလားအလာများကို ရှင်းလင်းတင်ပြခဲ့သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား နယ်သာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးပေါ်လွင်စိန်က Bel Air Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား Shell ကုမ္ပဏီအမှုဆောင်အရာရှိချုပ် Mr.Ben van Beurden နှင့်အဖွဲ့က ခေတ္တတည်းခိုသည့် Bel Air Hotel ၌ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# ရွှေမြန်မာနှင့် ချင်းမိုင် (ဧင်းမယ်)

ငွေးအောင်(ကြေးမုံ)




ယနေ့မြန်မာနိုင်ငံသည် ဖွံ့ဖြိုးစပြုနေပြီကို တွေ့မြင်ကြရပေမည်။ ဤသို့ ဖွံ့ဖြိုးလာမှုနှင့်အတူ ခရီးသွားလာကြသော ပြည်သူများ အဆမတန်တိုးပွားလာနေသည်။ ယင်းသို့ များပြားလာသည့်အတွက် ကမ္ဘာလှည့်ခရီးသည်များ (Tourists)၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း(Tourism)၊ ကမ္ဘာလှည့်ခရီးသွား လမ်းညွှန်(Tour Guide)၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကုမ္ပဏီ (Tour Company) ဆိုသည့် စကားများသည် ရေပန်းစားလျက်ရှိပါသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**



**ကြေးမုံ စာတည်းရှုထောင့်** **၁၁-၉-၂၀၁၄၊ ကြာသပတေးနေ့**

# မူးယစ်ဆေးဝါးအန္တရာယ်

တစ်ချိန်က "ဘိန်း၊ ဘင်း၊ ကဆော်၊ လှော်စာ၊ အရက်" ယစ်မျိုးငါးပါးဟူ၍ ရေတွက်သတ်မှတ်ခဲ့ကြသည်။ ဤငါးပါးသည် သောက်သုံးသူအား စိတ်ကို ပြောင်းလဲဖောက်ပြန်စေတတ်၍ လူ့နယ်ပယ် (တစ်နည်း)လူ့ယဉ်ကျေးမှု နယ်ပယ်မှာ တားမြစ်ထားသော အရာများဖြစ်သည်။ ဘာသာတရားအရ လည်း ငါးပါးသီလတွင် "သုရာမေရယ"ဟူ၍ နောက်ဆုံးမှ ပိတ်ပေးထားပြီး ဤတစ်ပါးကို ဖောက်ဖျက်ကျူးလွန်မိသည်နှင့် လူ့အသိစိတ်ပျောက်ကာ ကျန်လေးပါးကို မှောက်မှားဖို့ ဝန်မလေးတတ်ကြပေ။

ထို့ကြောင့်လည်း လူ့စိတ်ကို ဖောက်လွဲဖောက်ပြန်ပြောင်းလဲစေတတ်သော မူးယစ်ဆေးကို ဝေးဝေးကရှောင်ကြရန် ဘာသာရေး၊ လူမှုရေး စသဖြင့် လူ့နယ်ပယ်အသီးသီးမှာ တားဆီးပိတ်ပင်ထားပြီး အခြားတစ်ဖက်တွင်လည်း ထုတ်လုပ်ဖြန့်ဖြူး မိစ္ဆာကုန်ကူးသူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်လာကြရသည်။

ယခု မူးယစ်ဆေးဝါးတွင် "ဘိန်း၊ ဘင်း၊ ကဆော်၊ လှော်စာ၊ အရက်" အပြင် ဘိန်းဖြူ၊ ဘိန်းမည်းသာမက စိတ်ကြွဆေးများဖြစ်သော ရာမ၊ ဓာတုဗေဒ မူးယစ်ဆေးဝါးများကိုလည်း အန္တရာယ်အဆင့်သတ်မှတ်ပြီး ဖမ်းဆီးအရေးယူလျက်ရှိနေသည်။ ယခင်က မူးယစ်ဆေးကို နည်းပညာခေတ်မှာ ပုံစံပြောင်းလာရာ ဓာတုဗေဒ မူးယစ်ဆေးဝါးများကို လွယ်လင့်တကူ ထုတ်လုပ်လာနိုင်ခဲ့ကြသည်။

မိမိတို့နိုင်ငံတွင်ကား ဤနည်းပညာ မတွင်ကျယ်သေးဟု ဆိုနိုင်သည်။ ဖမ်းဆီးရမိသမျှ မူးယစ်ဆေးဝါးများသည် နယ်စပ်မှတစ်ဆင့် ဝင်လာမှုများသလို နယ်စွန်နယ်ဖျား လုံခြုံမှုအားနည်းရာဒေသများမှလည်း လက်ဆင့်ကမ်းသယ်ဆောင်မှုများ ရှိနေသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မူးယစ်ဆေးဝါးအမှုပေါင်း ပျမ်းမျှ အမှု ၂၀ ခန့်ကို နေ့စဉ်ဖမ်းဆီးရမိနေကြောင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ တားဆီးကာကွယ်ရေးအထူးတပ်ဖွဲ့ (ဗဟို)မှ သိရသည်။

အခြားတစ်ဖက်တွင် ဤကဲ့သို့ အမြောက်အမြားဖမ်းဆီးရမိနေမှုသည် မူးယစ်အထူးတပ်ဖွဲ့များကို တိုးချဲ့ပြီး နယ်စပ်ဒေသများမှာ တာဝန်ထမ်းဆောင်မှုကြောင့်လည်း ဖြစ်သည်။ မိမိတို့နိုင်ငံတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို ၁၅ နှစ်စီမံကိန်းရေးဆွဲလျက် ၁၉၉၉ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့သော်လည်း ပြီးပြတ်မှုမရှိသေးပါ။ ငါးနှစ်သက်တမ်းထပ်မံတိုးလျက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ အမြောက်အမြား ဖမ်းဆီးရရှိနေမှုက အောင်မြင်မှုရရှိနေကြောင်း သိသာစေသည်။ တစ်ဖက်မှာလည်း မူးယစ်ဆေးဝါးအထူးတပ်ဖွဲ့နှင့်အတူ ဌာနဆိုင်ရာများ၊ တာဝန်သိပြည်သူများ ပါဝင်လာခြင်း၏အကျိုးဆက်ဟု ဆိုနိုင်သည်။ အထူးတပ်ဖွဲ့၏ နေ့မအား ညမနားစွမ်းဆောင်မှုအသီးအပွင့်များဟုလည်း ပြောနိုင်ပါသည်။

လူဖြစ်လာပါလျက် လူညွန့်တုံး၊ လူဖြစ်ရှုံးစေနိုင်သည့် ဤမူးယစ်ဆေးဝါးအန္တရာယ်ကို ကာကွယ်တားဆီးရန်မှာ နိုင်ငံသားတိုင်းနှင့်သက်ဆိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါသည်။ အထူးသဖြင့် မျိုးဆက်သစ် လူငယ်လေးများ လမ်းကြောင်းမမှားအောင် အလေးထားကြရပါမည်။ တချို့နေရာများတွင် မူးယစ်ဆေးဝါးကို လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်များမှ လက်သိပ်ထိုးရယူနိုင်ကြောင်း သိရသည်။ အခြေခံပညာကျောင်းများနှင့် နီးနီးနားနားရှိနေသည့် ဤဆိုင်များကို မိဘ၊ ဆရာ ပူးပေါင်းအားနှင့် တာဝန်ရှိသူများပါ မပျက်မကွက်ပါဝင်အားဖြည့်ပြီး စောင့်ကြည့်တည့်မတ်ပေးသွားနိုင်ကြရပါမည်။

ကလေးများသဘာဝ အဆိုးအကောင်း မခွဲခြားနိုင်သကဲ့သို့ အရာရာကို လက်တည့်စမ်းလိုမှုသည် မူးယစ်ဆေးဝါးဖြန့်ဖြူးသူများ၏ သားကောင်ဘဝ ရောက်ရှိသွားနိုင်ပါသည်။ အထူးသဖြင့် အလယ်တန်း၊ အထက်တန်း အရွယ်လေးများ စီးကရက်သောက်တတ်သူ၊ ကွမ်းစားတတ်သူများ ဖြစ်သွားသည်မှာ ရင်နင့်စရာ ပြယုဂ်များကဲ့သို့ ဖြစ်သည်။ မိဘနှင့်ဆရာများမှာ တာဝန်ရှိသည်ဟု ဆိုနိုင်ပါသည်။ အိမ်တံစက်မြိတ်နှင့် ကျောင်းပရဝဏ်အတွင်းမှာ ဤဖြစ်စဉ်များ မရှိသင့်ပါ။

"သားသမီးမကောင်း မိဘခေါင်း" "တပည့်မကောင်း ဆရာခေါင်း" ဆိုသည့်စကားကို မိမိတို့လက်ခံနိုင်ကြရပါမည်၊ ပြုပြင်နိုင်ကြရပါမည်၊ တာဝန်ယူနိုင်ကြရပါမည်၊ အဘယ့်ကြောင့်ဆိုသော် မိမိတို့၏ အရင်းအချာ တပည့်သားသမီးများ ဖြစ်နေကြ၍ဖြစ်ပါသည်။ ။

# ဘိန်းအစားထိုးစိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ(၁)တွင် စက်တင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက မူးယစ်ဆေးဝါးပပျောက်ရေး စတုတ္ထ(၅)နှစ်စီမံကိန်းအပေါ် အရှိန်အဟုန်မြှင့်တင်ရေး စီမံချက်ရေးဆွဲဆောင်ရွက်ရန် သီးနှံများအစားထိုး စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးဦးအုန်းသန်းက မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းကို ၁၉၉၉-၂၀၀၀ ခုနှစ်မှ စ၍ (၁၅)နှစ် စီမံကိန်းဖြင့် ရေးဆွဲဆောင်ရွက်ခဲ့ရာ ယခု ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ငါးနှစ်စီမံကိန်းကို အသစ်စတင်ရေးဆွဲဆောင်ရွက်ပြီး စတုတ္ထစီမံကိန်းငါးနှစ်အား စီမံအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခု စတုတ္ထ(၅)နှစ်စီမံကိန်းတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်တို့မှ မြို့နယ်ပေါင်း ၅၁ မြို့နယ်အား ရွေးချယ်၍ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးကို ဆောင်ရွက်သွားမည်ဖြစ်ရာ သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများအနေဖြင့် မိမိတို့မူလတာဝန်များအပြင် ဘိန်းအစားထိုး သီးနှံများ စိုက်ပျိုးနိုင်ရေးကို တက်တက်ကြွကြွဖြင့် ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် တောင်သူပညာပေးစခန်းများဖွင့်လှစ်၍ ပညာပေးရန်၊ နည်းပညာပေးသင်တန်းများ ပို့ချရန်၊ စံပြစိုက်ခင်းများထူထောင်ပြသပေးရန်၊ တောင်သူများအတွက် မျိုးကောင်းမျိုးသန့် မျိုးစေ့နှင့် ပျိုးပင်များ ဖြန့်ဖြူးပေးရန်တို့ကို ဆောင်ရွက်ကြရန် ဆွေးနွေးသည်။

ထို့နောက် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရန် သတ်မှတ်ထားသည့် စီမံကိန်းတို့တွင် ၅၁ မြို့နယ်မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တာဝန်ခံများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဦးအုန်းသန်းက နိဂုံးချုပ် အမှာစကားပြောကြားသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မူးယစ်ဆေးဝါးကို အမြစ်ပြတ် ချေမှုန်းနိုင်ရန်အတွက် စတုတ္ထ(၅)နှစ်စီမံကိန်းကို ထပ်မံရေးဆွဲခဲ့ရာ စီမံကိန်းကာလမှာ ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ ဖြစ်သည်။ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရန် စီမံကိန်းဆောင်ရွက်မည့် မြို့နယ် ၅၁ မြို့နယ်ဖြစ်ပြီး ကချင်ပြည်နယ်တွင် ခြောက်မြို့နယ်၊ ကယားပြည်နယ်တွင် သုံးမြို့နယ်၊ ချင်းပြည်နယ်တွင် နှစ်မြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁၉ မြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၁၂ မြို့နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ကိုးမြို့နယ်တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၁၀**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၈၈၀၀ | ၆၅၉၈၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၈၆၀၀ | ၆၅၉၆၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၇၀. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၅၅. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၅၈. ၀၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၂၁၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၃. ၆၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၀၀၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၁၄. ၂၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၇၄၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၉၃. ၆၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၆၈. ၉၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်


**ချင်းရွှေဟော် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်မြို့ ထေရဝါဒဗုဒ္ဓဘာသာ သာသနာပြုကျောင်းတွင် သာသနာ့နုဂ္ဂဟအသင်း ဖွဲ့စည်းခြင်းနှင့် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းက ဦးဆောင်ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ချင်းရွှေဟော်မြို့ တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တဝေပုလ္လ၊ ဘဒ္ဒန္တသောပါကနှင့် ကိုးနဝင်းကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒတို့က မြို့ပေါ်ရှိ တိုင်းရင်းသား တိုင်းရင်းသူ ရင်သွေးငယ်များ၊ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များကို အဘိဓမ္မာ၊ ယဉ်ကျေးမှုဗုဒ္ဓဘာသာတရားတော်နှင့်အညီ ယဉ်ကျေးလိမ္မာစေရန်၊ တောင်ပေါ်မြေပြန့် တိုင်းရင်းသားအချင်းချင်း ယုံကြည်ချစ်ခင်လေးစားမှု ပိုမိုတိုးပွားစေရန် ရည်ရွယ်လျက် သာသနာ့နုဂ္ဂဟအသင်းဖွဲ့စည်းခြင်းနှင့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကိုဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းအား အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**(မြို့နယ်ပြန်/ဆက်)**



**မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ**




ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတဦးသိန်းစိန် နယ်သာလန်နိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

**သည်ဟေ့ဂ် စက်တင်ဘာ ၁၀**

နယ်သာလန်နိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်နယ်သာလန်နိုင်ငံဝန်ကြီးချုပ် H.E. Mr.Mark Rutte တို့သည် စက်တင်ဘာ ၉ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် သည်ဟေ့ဂ်မြို့ရှိ နယ်သာလန်နိုင်ငံဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နယ်သာလန်နိုင်ငံဝန်ကြီးချုပ် H.E. Mr.Mark Rutte တို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ဦးခင်မောင်စိုး နယ်သာလန်နိုင်ငံရှိ စက်ရုံနှင့် မွေးမြူရေးခြံများ ကြည့်ရှုလေ့လာ

**သည်ဟေ့ဂ် စက်တင်ဘာ ၁၀**

နိုင်ငံတော်သမ္မတ၏ ဥရောပသုံးနိုင်ငံခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးတို့သည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် နယ်သာလန်နိုင်ငံ သည်ဟေ့ဂ်မြို့အနီးရှိ Dutch Dairy စက်ရုံသစ်သို့ ရောက်ရှိပြီး နို့နှင့် နို့ထွက်ပစ္စည်းများ ပူးပေါင်းထုတ်လုပ်ရေး၊ နည်းပညာဖလှယ်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ၊ အပြန်အလှန် လေ့လာရေးအစီအစဉ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ လွန်ခဲ့သော နှစ်ပေါင်း ၄၀၀ ခန့်က စတင်တည်ထောင်ခဲ့ကာ ၂၀၁၄ ခုနှစ်တွင် တစ်နှစ်လျှင် ချိစ်ကီလိုသန်း ၃၄၀ အထိ ထုတ်လုပ်လျက်ရှိသော နောက်ဆုံးပေါ်နည်းပညာများဖြင့် တည်ဆောက်ထားသည့် စက်ရုံများအား လိုက်လံကြည့်ရှုကြသည်။

ထို့နောက် နို့စားနွားခြံနှင့် မွေးမြူရေးခြံများ တည်ထောင်ရေး၊ တိရစ္ဆာန်ဆေးဝါး၊ တိရစ္ဆာန်အစာနှင့် အာဟာရဆိုင်ရာ အစားအစာများ ထုတ်လုပ်ရေးတို့ကို ဆွေးနွေးခဲ့သည်။

ယင်းနောက် လွန်ခဲ့သော နှစ်ပေါင်း ၄၀၀ ခန့်က စတင်ကာ ပင်လယ်ရေပြင်မှ လေးမီတာအထိ နိမ့်ကျနေသော မြေပြင်ကို လူ့စွမ်းအားဖြင့် ရေနုတ်မြောင်းအဆင့်ဆင့်တူးဖော်ကာ အလွန်လှပသော ကျေးရွာတစ်ရွာအဖြစ် တည်ထောင်ထားပြီး ကျေးရွာအား ရှေးမူမပျက် ထိန်းသိမ်းထားရှိကာ လက်ရှိအချိန်အထိ မိသားစုများ ဘိုးစဉ်ဘောင်ဆက် စောင့်ရှောက်ထားသည့် ရှေးဟောင်းကျေးရွာအား သွားရောက်လေ့လာခဲ့ကြသည်။

ထိုကျေးရွာအတွင်း အသုံးပြုနေဆဲရေနုတ်မြောင်းများ၊ ရေယာဉ်ငယ်များ၊ ရှေးဟောင်းပစ္စည်းများအား သွားရောက်လေ့လာခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကမ္ဘာ့အမွေအနှစ်များ ရှေးဟောင်းသမိုင်းဝင်ဒေသများဖြစ်သည့် ပျူမြို့ဟောင်း ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ဒေသများအား ထိန်းသိမ်းရာတွင် လိုအပ်သော နည်းပညာများ ပေါင်းစပ်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ် အလုပ်ရုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၀**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်မြှင့်တင်မှုနှင့် အကောင်အထည်ဖော်မှုလုပ်ငန်းစဉ် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၌ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်နှင့် တာဝန်ရှိသူများက တတိယအဆင့် အကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်-ပြည်လမ်းပိုင်းတစ်လျှောက် ရထားသံလမ်း ဂဟေဆက်ခြင်းများဆောင်ရွက်

**မှော်ဘီ စက်တင်ဘာ ၁၀**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားလုပ်ငန်းမှ ရထားစီးနင်းသည့်ခရီးသည်များ သက်သောင့်သက်သာသွားလာနိုင်ကြစေရန်နှင့် ရထားမလူးလွန့်၊ မတုန်ခါဘဲ တည်ငြိမ်ညင်သာစွာသွားလာနိုင်ရန် ရထားလမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ရထားလမ်းပြုပြင်ခြင်းလုပ်ငန်းများထဲမှ နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသော သံလမ်းဂဟေဆက်နည်းများဖြင့် ယခု ၂၀၁၄ ခုနှစ်အတွင်း အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြီးစီးဆောင်ရွက်မှုအနေအထားများအား အင်ဂျင်နီယာမှူး(မြို့ ပြ)တိုင်း(၇) ရန်ကုန်နယ်မှ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လမ်းပိုင်းအလိုက် ရန်ကုန်-ပြည်လမ်းပိုင်း ရထားလမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စာရင်းအရ Thermit Welding ဖြင့် ဂဟေဆက်ခြင်းကို ဝါးနက်ချောင်းဘူတာမှ ဖူးကြီးဘူတာထိ(မိုင်တိုင်အမှတ် ၃၁/၁၃ မှ ၃၄/၉)ကို မိုင်အရေအတွက်အားဖြင့် သုည ဒသမ ၉၀ မိုင်ထိလည်းကောင်း၊ တိုက်ကြီးဘူတာမှ ဖူးကြီးဘူတာထိ(မိုင်တိုင်အမှတ် ၃၈/၆ မှ ၄၁/၆) ကို သုည ဒသမ ၆၇ မိုင်ထိလည်းကောင်း၊ သနပ်ချောင်းဘူတာမှ ဖလုံဘူတာထိ (မိုင်တိုင်အမှတ် ၄၆/၂၁ မှ ၄၉/၁၁)ကို သုည ဒသမ ၂၉ မိုင်ထိ လည်းကောင်း၊ ဖလုံဘူတာမှ ဥက္ကံဘူတာထိ(မိုင်တိုင်အမှတ် ၅၅/၁၆ မှ ၅၅/၂၁) ကို သုည ဒသမ ၂၃ မိုင်ထိလည်းကောင်း မိုင်အရေအတွက် စုစုပေါင်း ၂ ဒသမ ၀၉ မိုင်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် Flash Butted ဖြင့် သံလမ်းဂဟေဆက်ခြင်းအရ ဝါးနက်ချောင်းဘူတာမှ မှော်ဘီဘူတာထိ (မိုင်တိုင်အမှတ် ၂၇/၂၂ မှ ၂၉/၁၀)ကို မိုင်အရေအတွက် အားဖြင့် ၁ ဒသမ ၄၁မိုင် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ရာ ရန်ကုန်- ပြည်လမ်းပိုင်းတစ်လျှောက် Thermit Welding ဖြင့်ဂဟေဆက်ခြင်းနှင့် Flash Butted ဖြင့် သံလမ်းဂဟေဆက်ခြင်းဆောင်ရွက်ပြီးစီးမှု မိုင်အရေအတွက် စုစုပေါင်း ၃ ဒသမ ၅၀ မိုင်ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။

ရထားလမ်းပြုပြင်ခြင်းလုပ်ငန်းများထဲမှ ရန်ကုန်-ပြည်လမ်းပိုင်းရထားသံလမ်း Thermit Welding ဖြင့် ဂဟေဆက်ခြင်းကို ပြီးခဲ့သည့် မတ် ၂၇ ရက်ကလည်းကောင်း၊ ရန်ကုန်-ပြည်လမ်းပိုင်းရထား သံလမ်း Flash Butted ဖြင့် သံလမ်း ဂဟေဆက်ခြင်းကို ဩဂုတ် ၁၉ ရက်ကလည်းကောင်း



စတင်ဆောင်ရွက်ခဲ့ကြောင်းနှင့် ယခု ၂၀၁၄ ခုနှစ်အတွင်း ရထားလမ်းပြုပြင်ခြင်းလုပ်ငန်းများထဲမှ ရန်ကုန်-ပြည်လမ်းပိုင်းရထားသံလမ်းThermit Welding ဖြင့် ဂဟေဆက်ခြင်းနှင့် ရန်ကုန်-ပြည်လမ်းပိုင်းရထားသံလမ်း Flash Butted ဖြင့် သံလမ်းဂဟေဆက်ခြင်းတို့၏ လုပ်ဆောင်ချက်များကို သတ်မှတ်ထားသောမိုင်အရေအတွက်စာရင်းအရ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။ **စိုးဝင်း-MLA**

Karat Silk

2nd Year Anniversary **အထူးဈေးရောင်းပွဲ**

Karat Silk (၂)နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် ၁၃. ၀၉. ၂၀၁၄(စနေနေ့)မှ ၁၅. ၀၉. ၂၀၁၄(တနင်္လာနေ့) အထိ ကိုယ်ပိုင်ဒီဇိုင်းမြန်မာ့ပိုးစစ်ချိတ်အမျိုးမျိုးပိုးစစ်ပုဆိုးအမျိုးမျိုး ကွန်ပျူတာပန်းထိုးဒီဇိုင်း အမျိုးမျိုးနှင့် အရည်အသွေးမြင့် ဒီဇိုင်းစုံဇာ အမျိုးမျိုးတို့ကို ၅%မှ၅၀% အထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း Karat Silk ကို အားပေးခဲ့ကြသောမိတ်ဟောင်းများနှင့် လာရောက်အားပေးကြမည့် မိတ်သစ်များအား သတင်းကောင်းပါ၍ ဖိတ်ခေါ် အပ်ပါသည်။

အချိန် - မနက် (၁၀)နာရီမှ ညနေ (၇)နာရီအထိ

နေရာ - 42/D ၊ ပန်တျာလမ်း(ဦးဝိစာရလမ်းနှင့် ရွှေတိဂုံဘုရားလမ်းကြား)၊ဒဂုံမြို့နယ်။

Ph: 01-375901 & 09-73344556

သွေးသည် အသက်

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက်(၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ကံကောင်း
အိမ်၊ ခြံ၊ မြေ
သီလဝါ၊ ကျောက်တန်း၊ သန်လျင်
မြေကွက်များ ရောင်းလို/ဝယ်လိုသည်။
PH-09-49300967
09-420185599

# တရုတ်နိုင်ငံ၏ ပထမဆုံးသော အာကာသစခန်းယာဉ် ၂၀၂၂ခုနှစ်ဝန်းကျင်တွင် ဖွင့်လှစ်ရန်မျှော်မှန်း

**ပေကျင်း စက်တင်ဘာ ၁၀**

တရုတ်နိုင်ငံ၏ ပထမဆုံးသော အာကာသယာဉ်စခန်းကို ၂၀၂၂ခုနှစ်ဝန်းကျင်တွင် ဖွင့်လှစ်နိုင်မည်ဟု မျှော်လင့်ရကြောင်း နိုင်ငံပိုင်သတင်းဌာနက ဩဂုတ် ၁၀ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ လွှတ်တင်ထားပြီးဖြစ်သော မိုဂျူးယာဉ်တစ်စင်း၏ အတွေ့အကြုံအပေါ် အခြေခံကာ အာကာသစခန်းယာဉ်ကို ဖွင့်လှစ်သွားမည်ဖြစ်သည်။ တရုတ်ခေါင်းဆောင်များသည် အာကာသအစီအစဉ်ကို တိုးမြှင့်အကောင်အထည်ဖော်ရန် ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ထားသည်။ အာကာသနည်းပညာအရ စွမ်းပကား ကြီးမားသော နိုင်ငံတော်အဖြစ် တည်ဆောက်ရန် သမ္မတရှီကျင့်ဖျင်က လမ်းညွှန်ခဲ့သည်။

တရုတ်နိုင်ငံသည် လွန်ခဲ့သည့်နှစ်က လူလိုက်ပါသော အာကာသယာဉ်တစ်စင်းကို လွှတ်တင်ခဲ့သည်။ အဆိုပါယာဉ်နှင့်အတူ လိုက်ပါသွားခဲ့ကြသည့် အာကာသယာဉ်မှူးသုံးဦးတို့သည် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ၁၅ရက်ကြာ နေထိုင်ခဲ့ကြပြီး စမ်းသပ်ဆဲအဆင့်ရှိ အာကာသစခန်းယာဉ်တစ်ခုနှင့် ချိတ်ဆက်ခဲ့ကြသည်။

စမ်းသပ်ဆဲအဆင့်ရှိ ယင်းစခန်းယာဉ်ကို တီယန်ကောင်ဟု အမည်ပေးထားသည်။ တီယန်ကောင်-၂ အာကာသစခန်းယာဉ်ကို ၂၀၁၆ခုနှစ် ဝန်းကျင်တွင် လွှတ်တင်နိုင်ဖွယ်ရှိကြောင်း တရုတ်အာကာသအေဂျင်စီ ဒုတိယအကြီးအကဲ ယန်လီဝေက ပြောကြားသည်။ **ဆင်ဟွာ။**



တရုတ်အာကာသနည်းပညာတက္ကသိုလ်ပြပွဲ၌ တီယန်ကောင်-၁ အာကာသ မိုဂျူးယာဉ်ပုံစံကို ပြသထားသည့် မှတ်တမ်းပုံ။

## အိန္ဒိယနှင့် ပါကစ္စတန်တွင် ရေလွှမ်းမိုး ထောင်သောင်းချီသော လူများသောင်တင်

**နယူးဒေလီ စက်တင်ဘာ ၁၀**

ဆယ်စုနှစ်အတွင်း တောင်အာရှဒေသတွင် အဆိုးရွားဆုံး ရေကြီးရေလျှံမှုဖြစ်ပေါ်ရာ အိန္ဒိယနိုင်ငံ၌ ထောင်သောင်းချီသော လူများသောင်တင်လျက်ရှိပြီး ပါကစ္စတန်၌ ၎င်းတို့၏ နေအိမ်များကို စွန့်ခွာသွားကြရန် ပြည်သူများအား တိုက်တွန်းလျက်ရှိကြောင်း ယနေ့ဘီဘီစီ သတင်းတွင် ဖော်ပြသည်။ အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံ၌ သေဆုံးသူဦးရေမှာ ၄၅၀ ကျော်လွန်သွားပြီဖြစ်ပြီး ရေဘေးဒုက္ခသည်များကို ကယ်ဆယ်ရန်နှင့် ကူညီထောက်ပံ့ရန်အတွက် တပ်ဖွဲ့ဝင်များကို တာဝန်ပေးထားသည်။ အိန္ဒိယထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသတွင် လူ ၂၀၀ သေဆုံးခဲ့ပြီး ၄၀၀၀၀၀ ခန့်မှာ သောင်တင်လျက်ရှိသည်ဟု တာဝန်ရှိသူများက ပြောသည်။ ပါကစ္စတန်နိုင်ငံတွင် သေဆုံးသူဦးရေ ၂၅၄ ဦးအထိ ရောက်ရှိသွားပြီဖြစ်ကာ ရေလွှမ်းရာဒေသများမှ ပြည်သူများကို ရွှေ့ပြောင်းကြရန် တိုက်တွန်းနိုးဆော်လျက်ရှိသည်။

နောက်လာမည့် လေးရက်အတွင်း အကြီးအကျယ် ရေကြီးမည့်ဒေသများမှ ပြည်သူများအား ၎င်းတို့၏ နေအိမ်များကို စွန့်ခွာပြောင်းရွှေ့ကြရန်နိုးဆော်ထားကြောင်း ပါကစ္စတန်ရေနှင့်စွမ်းအင်ဝန်ကြီး၏ပြောကြားချက်ကို အေပီသတင်းဌာနက ကိုးကားဖော်ပြသည်။ **ဘီဘီစီ။**





အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကို နှိမ်နင်းနိုင်ရေး ဆွေးနွေးရန် စက်တင်ဘာ ၁၀ရက်က အီရတ်နိုင်ငံသို့ ရောက်ရှိမလာမီ ဂျော်ဒန်၌ ခရီးတစ်ထောက် ရပ်နားသူ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီကို တွေ့ရစဉ်။

# အိုင်အက်စ်စစ်သွေးကြွများကို အရေးယူရန် မိမိတွင် အခွင့်အာဏာရှိဟု အိုဘားမားပြော

**ဝါရှင်တန် စက်တင်ဘာ ၁၀**

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ဆီးရီးယားနှင့် အီရတ်ရှိအစ္စလာမ္မစ်နိုင်ငံ (အိုင်အက်စ်)စစ်သွေးကြွများကို စစ်ရေးအရ ကျယ်ကျယ်ပြန့်ပြန့် အရေးယူရန်အတွက် ကွန်ဂရက်၏ အတည်ပြုချက်ရယူရန် မလိုဘဲ ဆောင်ရွက်ရန် ၎င်းတွင် အခွင့်အာဏာရှိကြောင်း စက်တင်ဘာ ၁၀ရက်တွင် ပြောကြားသည်။

ဆီးရီးယားအစိုးရကို တိုက်ခိုက်နေသော အတိုက်အခံ တပ်ဖွဲ့များကို လက်နက်ထောက်ပံ့ပေးရန်အတွက် အတည်ပြုပေးပါရန် ကွန်ဂရက်ကို ပန်ကြားမည်ဟု ၎င်းက ပြောသည်။

အစ္စလာမ္မစ် စစ်သွေးကြွများသည် ဆီးရီးယားနှင့် အီရတ်နိုင်ငံမှ နယ်မြေအများအပြားကို သိမ်းယူပြီး အစ္စလာမ္မစ်နိုင်ငံအဖြစ် ကြေညာခဲ့သည်။

အိုင်အက်စ် စစ်သွေးကြွများကို တိုက်ခိုက်ရန်အတွက် ဒေသတွင်း ထောက်ခံမှုများ ရရှိရေး ကြိုးစားသည့် အနေဖြင့် အရှေ့အလယ်ပိုင်းဒေသသို့ နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ သွားရောက်လျက်ရှိပြီး အိုဘားမားက ယခုကဲ့သို့ ပြောဆိုခြင်း ဖြစ်သည်။

ကယ်ရီသည် တူရကီနှင့် အာရပ် ၁၀ နိုင်ငံတို့မှ တာဝန်ရှိသူများနှင့် ဆွေးနွေးရေးအတွက် ဂျော်ဒန်၊အီရတ်နှင့် ဆော်ဒီအာရေဗျသို့ သွားရောက်လျက်ရှိသည်။ **ဘီဘီစီ။**

## ယူကရိန်းတပ်ဖွဲ့ဝင် ၆၄ဂဦး လွှတ်မြောက်လာ

**ကီယက် စက်တင်ဘာ ၁၀**

ယူကရိန်းတပ်ဖွဲ့ဝင် ၆၄၈ဦးကို ခွဲထွက်ရေးသမားများက ပြန်လွှတ်ပေးခဲ့ကြောင်း ယူကရိန်းစစ်ဘက်က အင်္ဂါနေ့တွင် ပြောကြားသည်။

ကျန် တပ်ဖွဲ့ဝင် ၅၀၀ လွှတ်ပေးရေးအတွက် လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း ထပ်မံပြောကြားသည်။ သမ္မတ ပီထရိုပိုရိုရှင်ကိုက တပ်ဖွဲ့ဝင် ၁၂၀၀ လွှတ်ပေးခဲ့ပြီးဖြစ်ကြောင်း တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

ခွဲထွက်ရေးသမားများက ၎င်းတို့၏ တိုက်ခိုက်ရေးသမား ၃၁၁ ဦးသည် အစိုးရ၏ ထိန်းသိမ်းမှုအောက်တွင် ရှိနေဆဲဖြစ်သည်ဟု ပြောသည်။

တိုက်ပွဲများ ဖြစ်ပွားသည့် သတင်းများ ထွက်ပေါ်သော်လည်း လွန်ခဲ့သည့် ရက်သတ္တတစ်ပတ်တွင် သဘောတူခဲ့သော အပစ်အခတ်ရပ်စဲရေးကို နှစ်ဖက်လုံးက လိုက်နာလျက်ရှိကြောင်း တာဝန်ရှိသူများကပြောသည်။ **ဘီဘီစီ။**

## ဆင်ဘေးမဲ့ဥယျာဉ်ထူထောင်သူ ဆင်နင်းခံရ၍ သေဆုံး

**ဟုပ် (မိန်းပြည်နယ်) စက်တင်ဘာ ၁၀**

အမေရိကန်ပြည်ထောင်စု မိန်းပြည်နယ် ဟုပ်မြို့၌ ဆင်ဘေးမဲ့ဥယျာဉ် ထူထောင်ထားသူတစ်ဦးသည် ဆင်နင်းခံရမှုကြောင့် သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆပ်ကပ်ကစားခြင်းမှ အနားယူခဲ့သည့် ဆင်အိုများ၊ ဒဏ်ရာရဆင်များ ခိုလှုံနိုင်ရန် ဘေးမဲ့ဥယျာဉ်တစ်ခုကို ထူထောင်ဖွင့်လှစ်ထားသူ ဒေါက်တာဂျိမ်းစ်လော်ရီတာ(၅၆ နှစ်)သည် ဆင်များကို ပြုစုစောင့်ရှောက်နေစဉ်အတွင်း ဆင်တစ်ကောင်၏ နင်းခြေမှုကိုခံရကာ သေဆုံးခဲ့ရကြောင်း ဘန်ဂါဒေလီနယူးစ်အမည်ရှိ သတင်းစာက ရေးသားဖော်ပြသည်။ ဒေါက်တာလော်ရီတာသည် တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးဖြစ်သည်။

စက်တင်ဘာ ၉ ရက် နံနက်က ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ကြောင်း၊ ဒေါက်တာ လော်ရီတာ၏ ရင်ဘတ်တွင် ဒဏ်ရာရရှိခဲ့ပြီး အသက်ရှူ မွမ်းကျပ်ကာ သေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးရုံးက အတည်ပြုပြောကြားသည်။ **ရိုက်တာ။**


ဆင်ဘေးမဲ့ဥယျာဉ်ထူထောင်သူ ဒေါက်တာလော်ရီတာအား တွေ့ရစဉ်။

## အကြမ်းဖက်မှုဖြင့် သံသယရှိသူနှစ်ဦးကို ဩစတြေးလျရဲတပ်ဖွဲ့ ဖမ်းဆီး

**မရစ်ဘိန်း(ဩစတြေးလျ) စက်တင်ဘာ ၁၀**

ဩစတြေးလျနိုင်ငံတွင် ထောက်လှမ်းရေးအကြီးအကဲက အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုအဆင့်သည် မြင့်တက်လာနေပြီဟု ယူဆကြောင်း ပြောကြားပြီးနောက် ရဲတပ်ဖွဲ့သည် ကွင်းစလန်းရှိ အစ္စလာမ္မစ်ဗဟိုဌာနကို ဝင်ရောက်စီးနင်းခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ယင်းသို့ စီးနင်းရာတွင် အကြမ်းဖက်မှု ကျူးလွန်ရန် သံသယရှိသူ လူနှစ်ဦးကို ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။

ဆီးရီးယားနိုင်ငံတွင် အစ္စလာမ္မစ် အကြမ်းဖက်တိုက်ခိုက်ရေးသမားများအဖြစ် ပါဝင်ရေးအတွက် ယင်းနိုင်ငံသို့ သွားရောက်ရန် လူသစ်များ စုဆောင်းခြင်း၊ ရန်ပုံငွေထောက်ပံ့ပေးခြင်းနှင့် စီစဉ်ပေးခြင်းတို့တွင် ၎င်းတို့နှစ်ဦး ပါဝင် ပတ်သက်မှုရှိကြောင်း အာဏာပိုင်များက ပြောသည်။

အရှေ့အလယ်ပိုင်းရှိ အစွန်းရောက်အုပ်စုများသို့ ၎င်း၏ နိုင်ငံသားများ သွားရောက်ပူးပေါင်းခြင်းမရှိနိုင်စေရန် ဩစတြေးလျအစိုးရက ဆောင်ရွက်လျက်ရှိသည်။ **ဘီဘီစီ။**

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၁၀**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ယနေ့ နံနက် ၁၁ နာရီတွင် အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့ရှိ ဘန်ဂေါအမျိုးသား ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်း (Bengal National Chamber of Commerce & Industry: BNCCI) ဥက္ကဋ္ဌ Mr. Dibyendu Basu ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲ၌ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့တွင် ကျင်းပမည့် 27th Industrial India Trade Fair ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ရေး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် Bengal National Chamber of Commerce & Industry တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရေး၊ ကုန်သည်ကြီးများအသင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# သဘာဝအခြေခံခရီးသွားလုပ်ငန်းမူဝါဒနှင့် စီမံခန့်ခွဲမှုမဟာဗျူဟာရေးဆွဲရေးဆိုင်ရာ စည်းဝေး





**နေပြည်တော် စက်တင်ဘာ ၁၀**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် စက်တင်ဘာ ၁၀ ရက် နံနက် ၇ နာရီတွင် မန္တလေးမြို့ မန္တလာကောလိပ်၌ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုပညာ ပထမနှစ်နှင့်ဒုတိယနှစ် ကျောင်းသားကျောင်းသူများအားတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Mandalay Hill Resort Hotel ၌ ကျင်းပသည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းမူဝါဒနှင့်စီမံခန့်ခွဲမှု မဟာဗျူဟာရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားသည်။

အစည်းအဝေးကို အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးရေးဌာန (ICIMOD) ၏အကူအညီဖြင့် ကျင်းပခြင်းဖြစ်ကာ Dr.Paul Rogers က သဘာဝအခြေခံခရီးသွားလုပ်ငန်းမူဝါဒနှင့် စီမံခန့်ခွဲမှု မဟာဗျူဟာရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍လည်းကောင်း၊ အမေရိကန်နိုင်ငံ George Washington University မှ Mr.Curtis Cornlssen က ကာကွယ်တောများနှင့် ပတ်သက်၍ မူဘောင်ချမှတ်ရေးများနှင့်ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြပြီး တာဝန်ရှိသူများက သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ အားသာချက်အားနည်းချက်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)** ■

# တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်မှုများ

**နေပြည်တော် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာနှင့် ဆင်းရဲမှုဖြစ်ပေါ်စေသည့်ဒေသများအတွင်း အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ရေနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများနှင့် အိုးအိမ်တည်ဆောက်ခြင်းလုပ်ငန်းများအား ဒေသခံပြည်သူများ၏ ဦးဆောင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ် (UN-HABITAT) နှင့် ပူးပေါင်း၍ **တိုင်းရင်းသားဒေသများဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်**အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းကာလကို ၂၀၁၄ ခုနှစ် ဇန်နဝါရီမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာအထိ သတ်မှတ်ထားပြီး ကချင်ပြည်နယ်တွင် မန်စီ၊ မိုးမောက်၊ ရွှေကူနှင့် ဝိုင်းမော်မြို့နယ်၊ ကယားပြည်နယ်တွင် ဒီမောဆိုမြို့နယ်၊ ချင်းပြည်နယ်တွင် မင်းတပ်နှင့် မတူပီမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာ၊ ဘုတလင်၊ ပုလဲမြို့နယ်နှင့် ရှမ်းပြည်နယ်တွင် ဖယ်ခုံ၊ ပင်းတယနှင့် ပင်လောင်းမြို့နယ်များ၌ စီမံကိန်းလုပ်ငန်းများအား ဂျပန်နိုင်ငံအစိုးရနှင့် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးမှုအေဂျင်စီ (USAID) တို့၏ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၆ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံများ၏ အများသဘောတူဆန္ဒဖြင့် ရွေးချယ်အဆိုပြုသည့် အခြေခံအဆောက်အအုံနှင့် အိုးအိမ်တည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ၊ ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံပြည်သူများ၏ အသိပညာ၊ ဗဟုသုတနှင့် လူနေမှုအဆင့်အတန်းများ တိုးတက်မြင့်မားလာပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ၎င်းတို့ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခွင့် အခွင့်အလမ်းများ တိုးတက်မြင့်မားစေလျက်ရှိကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**









## ကမ္ဘာ့အမွေအနှစ် ပျူမြို့ဟောင်းများ (အပိုင်း-၂)

❒ **ကျော်ဖုံးမှ**

မြန်မာနိုင်ငံအနေဖြင့်လည်း မိမိတို့၏ အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် အဆိုပါ World Heritage Convention သဘောတူညီချက်ကို ၁၉၉၄ ခုနှစ်က လက်မှတ်ရေးထိုးပြီး အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သည်။

၁၉၉၅ ခုနှစ်တွင် ပုဂံကို ကမ္ဘာ့အမွေအနှစ်ဖြစ်ရေး တင်သွင်းခဲ့သည်။ သို့သော် ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းလိုလျှင် ဦးစွာအဆိုပြုစာရင်း Tentative List ကို ပြုစုတင်သွင်းရပါသည်။ ၁၉၉၆ ခုနှစ်တွင် ပြဒါးလင်းဂူ၊ ပုဂံ၊ ပျူမြို့ဟောင်းများ၊ မြောက်ဦးစသည်တို့ အပါအဝင် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ရှစ်ခုကို ယူနက်စကိုသို့ အဆိုပြုအမည်စာရင်းတင်သွင်းခဲ့သည်။

၁၉၉၇ ခုနှစ်ကကျင်းပသော ယူနက်စကို ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေးတွင် မိမိတို့တင်သွင်းသော အဆိုပြုစာရင်းများနှင့်ပတ်သက်၍ ဦးစွာဆောင်ရွက်ထားရမည်တို့ကို ယူနက်စကိုက အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့သည်-

- ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေ ပြဋ္ဌာန်းရန်၊
- သက်ဆိုင်ရာယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွက် ဇုန်နယ်နိမိတ်များ သတ်မှတ်ရန်၊
- ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် စီမံခန့်ခွဲမည့် အစီအစဉ်များရေးဆွဲရန်။

သို့ဖြစ်ရာ ၁၉၉၈ ခုနှစ်တွင် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ပြင်ဆင်သည့်ဥပဒေ၊ ၂၀၁၁ ခုနှစ်တွင် နည်းဥပဒေများကို ဆက်တိုက်ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။

ထို့အတူ ယဉ်ကျေးမှုအမွေအနှစ်ဒေသ အသီးသီးကိုလည်း ဦးစားပေးအလိုက် ဇုန်နယ်နိမိတ်များ သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ ယခုအခါ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဇုန် (၄၆) ဇုန် ရှိပြီဖြစ်သည်။ ထိန်းသိမ်းစောင့်ရှောက်ခြင်းအနေဖြင့်လည်း မြန်မာတစ်နိုင်ငံလုံးရှိ ယဉ်ကျေးမှုအမွေအနှစ်များအနက်

- သမိုင်းတန်ဖိုး (Historical Value)၊
- ရှေးဟောင်းသုတေသနတန်ဖိုး(Archaeological Value)၊
- ဗိသုကာနှင့် အနုလက်ရာတန်ဖိုး (Architectural and Artistic Value)၊
- ပျက်စီးရန်အတွက် စိုးရိမ်သည့်အခြေအနေ (Monument in Danger) တို့အပေါ် မူတည်ပြီး ဦးစားပေးထိန်းသိမ်းလျက်ရှိသည်။

**ပျူမြို့ဟောင်းများ ကမ္ဘာ့အမွေအနှစ်ရရှိရေးဆောင်ရွက်မှုအဆင့်ဆင့်**

အဆိုပါအချက်များကိုဆောင်ရွက်လျက် တစ်ဖက်မှလည်း မိမိတို့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့စာရင်းဝင်ဖြစ်ရေးအတွက် ယူနက်စကိုနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

၂၀၀၈ ခုနှစ်တွင် အဆိုပြုထားသည့် အမွေအနှစ်စာရင်းများအား ပြန်လည်သုံးသပ်ပြီး ၂၀၁၀ ခုနှစ်တွင် ပျူမြို့ဟောင်း သုံးခုကို ဦးစွာရွေးချယ်ခဲ့ကြသည်။ ဘာကြောင့် ဦးစားပေးရွေးချယ်ခဲ့သည်ကို အပိုင်း(၁)တွင် ဖော်ပြပြီးဖြစ်သည်။ ဦးဆုံးတင်သွင်းခဲ့သည့် အမွေအနှစ်ကို အထစ်အငေါ့မရှိ မြန်မြန်ဆန်ဆန် ရရှိစေလိုသဖြင့် စီမံခန့်ခွဲမှုအတွက် အခက်အခဲနည်းမည့်အချက်ကိုလည်း စဉ်းစားရပါသည်။ သို့ဖြစ်ရာ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်းများဆိုင်ရာ သတင်းအချက်အလက်၊ အထောက်အထားများစုဆောင်းခြင်း၊ မှတ်တမ်းတင်စာရင်းပြုစုခြင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းခြင်းဆိုင်ရာသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ တက်ရောက်ခြင်း၊ လေ့လာသင်ကြားအတွေ့အကြုံယူခြင်းများ ဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ယူနက်စကိုနှင့် နိုင်ငံတကာ (အီတလီနိုင်ငံ)တို့မှ နည်းပညာအကူအညီနှင့် ဘဏ္ဍာငွေအထောက်အပံ့ရရှိခဲ့ရာ ယူနက်စကိုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များပါဝင်၍ အဆိုပြုစာတွဲ (Nomination Dossier) ပြုစုရေးသားခဲ့ကြသည်။ ပြည်တွင်းပညာရှင်များအနေဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများက ဘာသာရပ်ဆိုင်ရာ ဝန်ထမ်းများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဗိသုကာအသင်းမှပညာရှင်များ၊ မိမိတို့ဌာနမှ အငြိမ်းစားပညာရှင်ကြီးများ၊ သမိုင်းပညာရှင်ကြီးများ ပါဝင်ခဲ့သလို ပြည်ပပညာရှင်များ (International Experts) အနေဖြင့် အခြားနိုင်ငံများ၏ ကမ္ဘာ့အမွေအနှစ်ရရှိရေးအတွက် ဆောင်ရွက်ခဲ့ရာတွင် များစွာအတွေ့အကြုံရှိခဲ့သော ယူနက်စကိုပညာရှင်များဖြစ်ကြသည့် အမေရိကန်နိုင်ငံသား Dr. Richard Engelhdt၊ ပြင်သစ်နိုင်ငံသား Mr. Pierre Pichard၊ အီတလီနိုင်ငံသား Dr. Mauro Cucarzi၊ ပျူနှင့်ပတ်သက်၍ နှစ်ပေါင်း(၄၀)ခန့် သုတေသနပြုထားသူ အင်္ဂလန်နိုင်ငံ Cambridge University မှ ပါမောက္ခ Dr. Janice Stargard၊ SOAS University မှ သုတေသီ Dr. Elizabeth Moore တို့ အပါအဝင် ပညာရှင် ခုနစ်ဦး ပါဝင်ကြသည်။



**သရေခေတ္တရာမြို့ဟောင်းတွင် ထုထည်ကြီးမားစွာ တည်ထားခဲ့သော ဘုရားမာဘုရား။**

အဆိုပြုစာတွဲရေးသားပြုစုရာတွင် ပျူမြို့ဟောင်း သုံးခုလုံးရှိ အမွေအနှစ်ပစ္စည်းများ၊ အဆောက်အအုံတစ်ခုချင်း အသေးစိတ် ဓာတ်ပုံ၊ ပုံဆွဲ၊ မြေပုံမှတ်တမ်းမှတ်ရာ အချက်အလက်များနှင့် ဖော်ပြခြင်း၊ သုတေသနပြုထားမှုများ၊ ကာကွယ်ထိန်းသိမ်းထားရှိမှုများ၊ ပထဝီမြေပြင်ဆိုင်ရာ သတင်းအချက်အလက်အထောက်အထားများ၊ အဆိုပါ မြေပေါ်မြေအောက် ယဉ်ကျေးမှုအမွေအနှစ် အထောက်အထားများနှင့် ဆက်စပ်လျက်ရှိသော လူမှုအဖွဲ့အစည်း၏ ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ထုံးတမ်းများ ရေရှည်တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်မည့် စီမံခန့်ခွဲမှုအစီအစဉ်တို့ကို သတ်မှတ်ထားသော စာတွဲပုံစံနှင့် ရေးသားတင်ပြခဲ့ပါသည်။

တစ်ဖက်ကလည်း ယူနက်စကိုက ကျွမ်းကျင်ပညာရှင်များစီစဉ်ပေးပြီး ဝန်ထမ်းများ စွမ်းရည်မြှင့်သင်တန်း၊ ထိန်းသိမ်းရေးသင်တန်း၊ သုတေသနပြုခြင်း၊ မြေပြင်ပထဝီဆိုင်ရာသင်တန်း(Geographical Information System) များကို တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းများသည် အချိန်မီတင်ပြရမည့်စာတွဲတွင် အချက်အလက်၊ အကြောင်းအရာများ ကွင်းကျန်ရစ်မှုမရှိဘဲ ပြည့်စုံစွာဖော်ပြနိုင်ရေးအတွက် ကြိုးစားနေရသလို ကွင်းဆင်းသုတေသနဝန်ထမ်းများကလည်း လိုအပ်သော အထောက်အထား၊ အချက်အလက်များ အချိန်မီပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်ခဲ့ရပါသည်။

ပျူရှေးဟောင်းမြို့များ ကမ္ဘာ့အမွေအနှစ်စာရင်းပါဝင်နိုင်ရေးအတွက် ဌာနရှိ ဝန်ထမ်းများ မိမိတို့၏ သက်ဆိုင်ရာ၊ ကျွမ်းကျင်ရာ၊ ကျရာအခန်းမှ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ စီမံခန့်ခွဲရေး၊ သုတေသနနှင့် ထိန်းသိမ်းရေးဟူသော လုပ်ငန်းကဏ္ဍအသီးသီးတွင် ပုံမှန်ထက်ပို၍ အားစိုက်ဆောင်ရွက်ခဲ့ကြရသည်။

အဆိုပြုစာတွဲ ရေးသားပြုစုရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့သကဲ့သို့ ပညာရှင်များအဖွဲ့၊ အကြံပေးအဖွဲ့၊ ပျူမြို့ဟောင်းများ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ ( PYU Cities Coordination Committee - PYU COM) ဖွဲ့စည်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအသီးသီးတို့မှ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့ကလည်း ၎င်းတို့၏ဌာနလုပ်ငန်းတာဝန်က တစ်ဖက်၊ ယဉ်ကျေးမှုအမွေအနှစ်အတွက် ဆောင်ရွက်ပေးရသည်ကတစ်ဖက် အတော်လေးတော့ ပင်ပန်းခဲ့ကြသည်။

တစ်ပြိုင်နက်တည်း ဆောင်ရွက်ရတာတွေက မသက်သာလှပါ။ ဒေသခံပြည်သူများ နားလည်လာပြီး ဝိုင်းဝန်းပါဝင်ရေးကလည်း အရေးပါလှသည်။ ကျေးရွာသုံး၊ လေးရွာ စုပြီး အသိပညာပေးရသည်လည်းရှိသည်။ တစ်အိမ်တက်ဆင်း လိုက်လံရှင်းပြခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ရုံးများတွင်စုဝေး၍ သွားရောက်ရှင်းပြခြင်း၊ သတင်း media အကူအညီ၊ အနုပညာရှင်တို့၏ အကူအညီဖြင့်လည်း ဘက်ပေါင်းစုံက အသိပညာဖြန့်ဝေခြင်း၊ စည်းရုံးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။ ဒေသခံများကလည်း လိုလိုလားလား အားတက်သရောပင်၊ သက်ဆိုင်ရာ မြို့ဟောင်း သုံးနေရာလုံးမှာ စောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းကြသည်။ မိမိတို့နှင့် ပူးပေါင်း၍လည်းကောင်း၊ ၎င်းတို့၏အစီအစဉ်ဖြင့်လည်းကောင်း ဒေသခံပြည်သူများ၊ ကျောင်းသားများကို အမွေအနှစ်ရှိရာနေရာများသို့ လေ့လာရေးခရီးစဉ်နှင့်အတူ ဟောပြောပွဲ၊ ပြိုင်ပွဲများ ဆောင်ရွက်ပေးခဲ့ကြသည်။

**ခက်ခက်ခဲခဲ**

၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ရှေးဦးစွာ စာတွဲမူကြမ်း ( Draft Nomination Dossier)ကို ယူနက်စကို ကမ္ဘာ့အမွေအနှစ်ဗဟိုဌာန(World Heritage Centre) သို့ တင်သွင်းခဲ့သည်။ ကမ္ဘာ့အမွေအနှစ်ဗဟိုဌာနက မြေပုံများအပါအဝင် လိုအပ်ချက်များရှိကြောင်း ဖော်ပြ၍ တောင်းခံခဲ့သဖြင့် သက်ဆိုင်ရာဌာနများနှင့် ပြင်ပကုမ္ပဏီများ၏အကူအညီရယူကာ လိုအပ်သည့်မြေပုံများ ထပ်မံပြုစုပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာနှင့် နိုဝင်ဘာလတို့တွင် ကမ္ဘာ့အမွေအနှစ်ဗဟိုသို့ ဖြည့်စွက်တင်ပြချက် (Additional Information I) ကို ပေးပို့ခဲ့သည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ပြီးပြည့်စုံသောစာတွဲ (Complete Nomination Dossier)ကို အချိန်မီတင်သွင်းနိုင်ခဲ့သည်။ သို့သော် လိုအပ်ချက်များရှိနေသေးသဖြင့် လက်မခံကြောင်း ပြန်ကြားလာပြန်သည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် တင်သွင်းပါမှ ၂၀၁၄ ခုနှစ် ဇွန်လတွင် ကျင်းပမည့် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံ (World Heritage Committee)တွင် ဆုံးဖြတ်ချက်ရမည်ဖြစ်သည်။ ပျူမြို့ဟောင်းများ ကြီးကြပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌအနေဖြင့် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ထံသို့ဆက်သွယ်ပြီး ကမ္ဘာ့အမွေအနှစ်ဗဟိုဌာနက အကြောင်းကြားလာသော လိုအပ်ချက်များကို အချိန်မီပေးပို့သွားမည်ဖြစ်ကြောင်း၊ ယခု စာတွဲတင်သွင်းမှုကို လက်ခံပေးစေလိုကြောင်း စသည်ဖြင့် မေတ္တာရပ်ခံခဲ့သည်။

ထို့ကြောင့် ၂၀၁၃ ခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံက တင်သွင်းခဲ့သောစာတွဲကို လက်ခံလိုက်ပါကြောင်းနှင့် စစ်ဆေးရေးအဖွဲ့ စေလွှတ်မည်ဖြစ်ကြောင်း အကြောင်းပြန်ကြားခဲ့သည်။ မိမိတို့ဘက်ကလည်း လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ကာ (Additional Information II) ကို ထပ်မံတင်သွင်းပေးပို့ခဲ့သည်။ ပထမဦးဆုံးအတွေ့အကြုံဖြစ်သည်နှင့်အညီ စစ်ဆေးအကြံပေးအဖွဲ့ လာရောက်စစ်ဆေးရာတွင် အဆင်ပြေချောမွေ့မှုရှိစေရေး၊ အကဲဖြတ်စစ်ဆေးမှုတွင် ရလဒ်ကောင်းစေရေးအတွက် လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်နိုင်ရန် ပညာရှင်ကြီးများ ပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

**အထူးပင်လေးစားစရာ**

ဤတွင် မဖြစ်မနေ ဖော်ပြလိုပါသည်။ စစ်ဆေးအကြံပေးအဖွဲ့လာရောက်မစစ်ဆေးမီ မိမိတို့ဘက်က အချိန်မီကွင်းဆင်းရမည်ဖြစ်ရာ သက်ဆိုင်ရာ လူငယ်ဝန်ထမ်းများနှင့်အတူ ဆရာကြီးများပါ လိုက်ပါကွင်းဆင်းခဲ့ကြသည်။ မိုးရာသီ ဇူလိုင်လ၊ ပျူမြို့ဟောင်း သုံးမြို့လုံး ခရီးရှည်၊ မိုးထဲ လေထဲတွင် အသက်ပင် (၈၀) ကျော်ပြီဖြစ်သော်လည်း ဆရာကြီး ဒေါက်တာခင်မောင်ညွန့်က စိတ်အားထက်သန်စွာဖြင့် လိုက်ပါခဲ့သလို ပညာရှင်အငြိမ်းစား ဆရာကြီးများဖြစ်ကြသည့် ဒေါက်တာတိုးလှ၊ မနုဿ ဦးကျော်ဝင်း၊ ဒေါက်တာကျော်လတ်၊ ဦးစန်းဝင်းတို့၏ စေတနာထက်သန်မှုသည် မျိုးဆက်သစ်များအတွက် အတုယူစရာ၊ အထူးပင် လေးစားဂုဏ်ယူစရာဖြစ်ပေသည်။

**စစ်ဆေးကြပြီ**

စစ်ဆေးအကြံပေးအဖွဲ့ (Advisory Bodies of ICOMOS - INTERNATIONAL COUNCIL ON MONUMENTS AND SITES )မှ ကျွမ်းကျင်ပညာရှင် သြစတြေးလျနိုင်ငံသူ Dr. Susan Mc. Iymotos က ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် ဗိဿနိုးမြို့ဟောင်းနှင့် သရေခေတ္တရာမြို့ဟောင်းတို့ကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ဟန်လင်းမြို့ဟောင်းကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့သည်။ သေချာစွာ လေ့လာစစ်ဆေးနိုင်ရေးအတွက် နိုင်ငံတော်ကလည်း ရဟတ်ယာဉ် ပံ့ပိုးပေးခဲ့သဖြင့် ကောင်းကင်မှရော မြေပြင်မှာပါ ကောင်းစွာ လေ့လာစစ်ဆေးနိုင်ခဲ့သည်။ အမွေအနှစ်တို့၏ ထူးခြားထင်ရှားသည့်တန်ဖိုးကို မြင်တွေ့နိုင်သလို သက်ဆိုင်ရာဇုန်များအတွင်း ဟိုးယခင်က တူးထားသော မြေနီကျင်းများ၊ ကျောက်စရစ်ကျင်းများ၊ ရွှေကျင်ထားသည့်နေရာများ စသည့် စီမံခန့်ခွဲမှုဆိုင်ရာ အားနည်းချက်များကိုလည်း ထောက်ပြခံခဲ့ရပါသည်။

၂၀၁၄ ခုနှစ် ဧပြီလတွင် ကမ္ဘာ့အမွေအနှစ်ကော်မတီ၏အကြံပေးအဖွဲ့ (ICOMOS)၏ ဆုံးဖြတ်ချက်ဖြစ်သော "Deferred" ကို ကမ္ဘာ့အမွေအနှစ် ဗဟိုဌာနမှ မြန်မာနိုင်ငံသို့ အကြောင်းကြားခဲ့ပါသည်။ ဤနေရာတွင် အနည်းငယ်ရှင်းပြလိုပါသည်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး တင်သွင်းသည့် အမွေအနှစ်များကို နှစ်စဉ် ဇွန်လတွင်ကျင်းပသော ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံတွင် ဆုံးဖြတ်ကြေညာပါသည်။ ဦးစွာအကြံပေးစစ်ဆေးရေးအဖွဲ့ (ICOMOS)က (က) တင်ပြလာသောစာတွဲကို စစ်ဆေးခြင်း၊(ခ) အမွေအနှစ်နေရာအား ကွင်းဆင်းစစ်ဆေးခြင်းပြုပြီးနောက် ဧပြီလတွင် ၎င်းတို့၏ဆုံးဖြတ်ချက်ကို ကမ္ဘာ့အမွေအနှစ် ဗဟိုဌာနသို့ ပေးပို့ပါသည်။ ၎င်းဌာနက သက်ဆိုင်ရာနိုင်ငံသို့ အကြောင်းကြားကာ စစ်ဆေးရေးအဖွဲ့၏ မှတ်ချက်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာနိုင်ငံက ပြန်လည်ရှင်းလင်းချေပနိုင်ပါသည်။ တစ်နည်းအားဖြင့် (Factual Error) အချက်အလက်အထောက်အထားဆိုင်ရာ မှားယွင်းကြောင်း တင်ပြချက်ကို ပြန်လည်တင်ပြနိုင်ပါသည်။ ၎င်းနောက် ဇွန်လတွင် ကျင်းပသော ကမ္ဘာ့အမွေအနှစ်ညီလာခံတွင် နောက်ဆုံးအဆင့်အနေဖြင့် ကမ္ဘာ့အမွေအနှစ်ကော်မတီအဖွဲ့ဝင် ၂၁ နိုင်ငံက ဆုံးဖြတ်ပါသည်။

**ဆုံးဖြတ်ချက် (၄)မျိုး**

- Inscribed - ကမ္ဘာ့စာရင်းဝင်အဖြစ် သတ်မှတ်ခြင်း
- Referred - အနည်းငယ်ပြင်ဆင်ဖြည့်စွက်ရန်တို့ကိုဆောင်ရွက်ပြီး နောက်နှစ်တွင် ကမ္ဘာ့စာရင်းဝင်ဖြစ်ခြင်း
- Deferred - ကမ္ဘာ့စာရင်းဝင်နိုင်သော စံချိန်စံညွှန်းများပြည့်စုံသော်လည်း အချို့လိုအပ်ချက်များ၊ ဖြည့်စွက်ရေးသားခြင်း၊ စီမံခန့်ခွဲမှုများ ဆောင်ရွက်ရန်တို့ကို ဆောင်ရွက်ပြီးမှ စစ်ဆေးရေးအဖွဲ့က ပြန်လည်စစ်ဆေးပြီး စာရင်းဝင်အဖြစ် သတ်မှတ်ခြင်း(နှစ်နှစ်မှ သုံးနှစ်အထိ ထပ်မံကြာမြင့်ပါသည်)
- Not to be inscribed - ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်သည့်အခြေအနေမဟုတ်ခြင်း၊

**(ဆက်လက်ဖော်ပြပါမည်)**

ပြည်တွင်းရေးရာ

# သမဝါယမဝန်ကြီးဌာနနှင့် Relief International အဖွဲ့အစည်းတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံ အမျိုးသမီး သမဝါယမအသင်းများ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် Strengthening Women's Cooperatives In Myanmar (SWIM) အကောင်အထည်ဖော်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် Grand Amara Hotel Naypyitaw ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက သမဝါယမဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဦးတည်ချက် နှစ်ရပ်၊ လုပ်ငန်းစဉ်ငါးရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ၎င်းလုပ်ငန်းများအောင်မြင်ရေးအတွက် လက်တွေ့လုပ်ငန်း Action Plan (၇)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့အထိ သမဝါယမအသင်းသားများအတွက် အသေးစားအရင်းအနှီးချေးငွေကျပ်သန်းပေါင်း ၁၉၇၀၆၆ ဒသမ ၇၁၅ သန်း ထုတ်ချေးပေးနိုင်ခဲ့ပြီး လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး အထောက်အပံ့အဖြစ် အသင်းသားများသို့ လယ်ယာသုံးစက်ကိရိယာ ၅၁၆၃ စီး၊ လုပ်ငန်းသုံးစက်ကိရိယာ ၅၉၂၈ စီးနှင့် ရေလုပ်ငန်းသုံးစက်ကိရိယာ ၅၂၀၁ ခု၊ စုစုပေါင်း ကျပ်သန်း ၁၂၂၀၀ ကျော်ဖိုးအား Hire Purchase စနစ်ဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် အသင်းသားပြည်သူများအနေဖြင့် တစ်လလျှင် အတိုးကျပ် ၁၆ ဒသမ ၀၆၂ ဘီလီယံကျော် သက်သာလျက်ရှိပါကြောင်း၊ ၎င်းအပြင် အပြေအကျေပေးဆပ်ပြီးဖြစ်၍ ကိုယ်ပိုင်ဖြစ်သွားပြီဖြစ်သော စက်ပစ္စည်းအရေအတွက်မှာ ယနေ့အထိ စက်ကိရိယာ ၇၉၃ စီး စုစုပေါင်းတန်ဖိုးကျပ် ၂၅၂ ဒသမ ၆၈၅ သန်းကျော်ဖြစ်ပါကြောင်း။

ဆက်လက်၍လည်း ပြည်သူများက ၎င်းတို့၏ လိုအပ်ချက်များကို တင်ပြတောင်းခံလျက်ရှိကြပါကြောင်း၊ Relief International (RI) အဖွဲ့အစည်းသည် UNICEF, WHO, UNFPA, USAID, UFT, FAO, European Commission (EC) စသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ပြည်သူများအတွက် အကျိုးရှိသည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးနေသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဤစီမံချက်သည် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှာရှိသော အမျိုးသမီးသမဝါယမအသင်းများ စွမ်းဆောင်ရည်မြင့်မားတိုးတက်လာစေရေး၊ ကျေးလက်နေအမျိုးသမီးများ၏ ရေရှည်ခိုင်မြဲသော အသက်မွေးဝမ်းကျောင်း စွမ်းရည်တိုးတက်လာစေရေး၊ နောင်တွင် အလားတူဖွံ့ဖြိုးတိုးတက်သော အမျိုးသမီးသမဝါယမအသင်းများ ပေါ်ပေါက်လာစေရေးရည်ရွယ်ချက်နှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ အမျိုးသမီးသမဝါယမအသင်းများသည် ငွေစုငွေချေးလုပ်ငန်း၊ အပ်ချုပ်လုပ်ငန်း၊ ဇာထိုးပန်းထိုးလုပ်ငန်းစသည့် မိရိုးဖလာအိမ်တွင်းမှုလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းပြုနေသော အမျိုးသမီးများနှင့် ဖွဲ့စည်းထားသော အသင်းဖြစ်ပြီး ထိုသို့ဖွဲ့စည်းရာမှာ စိတ်တူကိုယ်တူဆန္ဒတူသူများစုပေါင်း၍ အချင်းချင်းအပြန်အလှန် အာမခံသော ငါးဦးပါ ဝိုင်းကြီးချုပ်အဖွဲ့များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။




SWIM စီမံချက်ကို အကောင်အထည်ဖော်နိုင်ခြင်းကြောင့် အသက်မွေးဝမ်းကျောင်းပညာရပ်များတွင် အဆင့်မြင့် နည်းပညာအသုံးပြုလာနိုင်ခြင်း တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန်လိုအပ်သော အသေးစားချေးငွေ ထောက်ပံ့ပေးနိုင်ခြင်း၊ အသင်းငွေကြေးစီမံခန့်ခွဲမှု၊ အဆောက်အအုံနှင့်လုပ်ငန်းသုံးအထောက်အကူပြုပစ္စည်းများ အသုံးပြုလာနိုင်ခြင်း၊ စည်းလုံးညီညွတ်စွာဖြင့် ဘဝမြင့်မားရေးစိတ်ဓာတ်များ တိုးပွားလာခြင်း၊ အကျိုးကျေးဇူးများကို အမျိုးသမီးသမဝါယမအသင်းများက ရရှိခံစားနိုင်တော့မှာဖြစ်ပါကြောင်း၊ SWIM စီမံချက်ကို အကောင်အထည်ဖော်ရန်အတွက် လျာထားဘတ်ဂျက်ငွေ၏ ၈၀ ရာခိုင်နှုန်းအား စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုအဖြစ်သုံးစွဲပြီး စီမံကိန်းနယ်မြေ ငါးမြို့နယ်ရှိ အခြေခံအမျိုးသမီးသမဝါယမအသင်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဆိုင်ရာလုပ်ငန်းများ၊ နည်းပညာပံ့ပိုးပေးခြင်းအတွက် ငွေကြေးစီမံခန့်ခွဲမှုသင်တန်း၊ စာရင်းကိုင်သင်တန်း၊ ရုံးပိုင်းဆိုင်ရာ အုပ်ချုပ်မှုသင်တန်းများပေးခြင်း၊ လိုအပ်သောပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်များအတွက် အကျိုးရှိရှိ ထိထိရောက်ရောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားစေလိုကြောင်းနှင့် သမဝါယမအသိပညာ တိုးပွားရေးကိုပါ အထူးအလေးအနက်ထားဆောင်ရွက်သွားဖို့ တိုက်တွန်းမှာကြားလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Relief International မှ Country Director Mr.Joseph Mariampillai က နားလည်မှုစာချွန်လွှာရေးထိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူနှင့် Relief international မှ Country Director Mr.Joseph Mariampillai တို့သည် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

# နေရောင်ခြည်စွမ်းအင်သုံးပစ္စည်းများ တင်သွင်းထုတ်လုပ်နိုင်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား အိန္ဒိယနိုင်ငံ Bengal National Chamber of Commerce and Industry မှ President ဖြစ်သူ Mr.Dibyendu Basu နှင့်အဖွဲ့သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံပြီး စက်မှုဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး နေရောင်ခြည်စွမ်းအင်သုံးပစ္စည်းများ တင်သွင်းထုတ်လုပ်နိုင်ရေး ကိစ္စရပ်များ၊ စက်မှုကဏ္ဍတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးကြပြီး အိန္ဒိယနိုင်ငံတွင် ကျင်းပမည့် " 27th Industrial Trade Fair"သို့ စက်မှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ရန် ဖိတ်ကြားခဲ့သည်။

မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးအား အိန္ဒိယနိုင်ငံ MyAsia Consulting Co.,Ltd မှ Director ဖြစ်သူ Mr.Noorul Ameem က လာရောက်တွေ့ဆုံပြီး နည်းပညာဆိုင်ရာကဏ္ဍများနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးကဏ္ဍများတွင် စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးအား ဂျပန်နိုင်ငံ SUZUKI(Myanmar) Motor Co.,Ltd မှ Managing Director ဖြစ်သူ Mr.Keiichi ASANO ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံပြီး SUZUKI (Myanmar)Motor Co.,Ltd အနေဖြင့် လက်ရှိငှားရမ်းထားသော တောင်ဒဂုံစက်မှုနယ်မြေရှိ အမှတ်(၂၄) အကြီးစားစက်ရုံ(ဒဂုံ)မြေနေရာအား သက်တမ်းတစ်နှစ်ထပ်မံတိုးမြှင့်ငှားရမ်းခွင့်ရရှိရေး၊ SUZUKI ERTIGA လူစီးယာဉ်ငယ်အသစ်ထုတ်လုပ်မည့် စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ ၎င်းစီမံကိန်းအတွက် လက်ရှိငှားရမ်းထားသည့် မြေနေရာနှင့် ဆက်စပ်နေသော အဆောက်အအုံနှင့် မြေနေရာတို့အား တိုးချဲ့ငှားရမ်းခွင့်ရရှိရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာ ပြည်ထောင်စုဝန်ကြီးက လက်ရှိငှားရမ်းထားသော မြေနေရာကို သက်တမ်းတိုးမြှင့်ငှားရမ်းလိုမှုအား ခွင့်ပြုပါကြောင်း၊ ယခုတိုးချဲ့မည့်စီမံကိန်းအတွက် အဆောက်အအုံနှင့်မြေနေရာ ထပ်မံငှားရမ်းလိုမှုအား မူအားဖြင့် သဘောတူပါကြောင်းနှင့် စီမံကိန်းတိုးချဲ့ဆောင်ရွက်ခွင့်ရရှိရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မီးဖိုချောင်ထွက်စွန့်ပစ်အမှိုက်မှအပ အခြားစွန့်ပစ်အမှိုက် စွန့်ပစ်လိုက မြို့နယ်သန့်ရှင်းရေးရုံးသို့ ဆက်သွယ်အကြောင်းကြားရန် လိုအပ်

**ရန်ကုန် စက်တင်ဘာ ၁၀**

မီးဖိုချောင်ထွက် စွန့်ပစ်အမှိုက်များအား အမှိုက်ပုံး၊ အမှိုက်ကန်များတွင် စွန့်ပစ်ရန် သတ်မှတ်ထားသော်လည်း အချို့သောသူများက ထိလွယ်ရှလွယ်သော ပုလင်းကွဲ၊ မှန်ကွဲများ၊ မီးချောင်းမီးလုံးကွဲများနှင့် ညစ်ညမ်းသော အရာများ စွန့်ပစ်နေမှုကြောင့် အမှိုက်သိမ်းဆည်းရာတွင် အခက်အခဲများဖြစ်ပေါ်ပြီး အချိန်ကြန့်ကြာမှုများ ရှိနေကြောင်း သန့်ရှင်းရေးလုပ်သားများပြောဆိုနေမှုကို ကြားသိရသည်။

"ပုလင်းကွဲတွေ မှန်ကွဲတွေကို အမှိုက်ပုံးထဲမှာ စွန့်ပစ်ထားတော့ အမှိုက်သိမ်းဆည်းတဲ့အခါ သတိထားပြီး သိမ်းဆည်းနေရတယ်၊ တချို့အလုပ်သမားတွေဆို ပုလင်းကွဲရှတာ မှန်ကွဲစူးရှတာတွေကြုံနေရတယ်"ဟု သန့်ရှင်းရေးလုပ်သားတစ်ဦးက ပြောဆိုသည်။

ယခုအခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ စွန့်ပစ်အမှိုက်များမှ ထွက်ပေါ်သော အနံ့ဆိုးများကြောင့် အများပြည်သူကျန်းမာရေးထိခိုက်မှု မရှိစေရန် နေ့စဉ် အမှိုက်တန်ချိန် ၁၅၀၀ တန်ကို သိမ်းဆည်းရှင်းလင်းပေးနေသကဲ့သို့ အမှိုက်ပုံး၊ အမှိုက်ကန်များတွင် မီးဖိုချောင်ထွက် စွန့်ပစ်အမှိုက်များသာ စွန့်ပစ်ပြီး အခြားစွန့်ပစ်အမှိုက်များဖြစ်သော ခြံထွက်အမှိုက်၊ စက်ရုံအလုပ်ရုံထွက်အမှိုက်၊ တည်ဆောက်ရေးလုပ်ငန်းခွင်ထွက်အမှိုက်၊ စီးပွားရေးလုပ်ငန်းထွက်အမှိုက်၊ သာမန်အမှိုက်နှင့် ဆေးရုံဆေးခန်းသုံး စွန့်ပစ်အမှိုက်များကို စွန့်ပစ်လိုပါက မြို့နယ်သန့်ရှင်းရေးရုံးနှင့် ဆက်သွယ်၍ သတ်မှတ်နှုန်းထားပေးဆောင်ပြီး စွန့်ပစ်နိုင်ကြောင်း၊ စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုဆိုင်ရာအသိပညာပေးဆွေးနွေးဟောပြောပွဲများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံဆွေးနွေးမှာကြား၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးထားကြောင်း သိရသည်။

**(မောင်သုည)**

# အမြန်လမ်းပေါ်တွင် ယာဉ်တိမ်းမှောက်၍ သေဆုံးခဲ့သူသုံးဦး၏ ပစ္စည်းများ ပြန်လည်ပေးအပ်

**မိတ္ထီလာ စက်တင်ဘာ ၁၀**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်၌ စက်တင်ဘာ ၃ ရက်တွင် ယာဉ်မောင်း ဇော်နိုင်ထွန်း မောင်းနှင်သည့် ကားမှောက်၍ တရုတ်နိုင်ငံသားသုံးဦးဖြစ်ကြသော CHEN RUNROI (၄၆)နှစ် ကွမ်တုံပြည်နယ် တရုတ်နိုင်ငံသား၊ CHEN XIMU (၄၀)နှစ်နှင့် CHEN YUEQIU (၄၁)နှစ်တို့သည် နေရာတွင်ပင် သေဆုံးသွားခဲ့သည်။ ၎င်းယာဉ်တိမ်းမှောက်သည့်နေရာသို့ သီးကုန်း အမြန်လမ်းရဲတပ်ဖွဲ့မှ စခန်းမှူးနှင့်အဖွဲ့က သွားရောက်ပြီး သေဆုံးသူ သုံးဦးနှင့် ဒဏ်ရာရရှိသူ ယာဉ်မောင်းတို့အား မန္တလေးဆေးရုံကြီးသို့ တင်ပို့ခဲ့သည်။ တရုတ်နိုင်ငံသားသုံးဦးနှင့် ယာဉ်မောင်း၏ ပစ္စည်းများကို စနစ်တကျရှာဖွေသိမ်းဆည်းပြီး ရဲစခန်းတွင် သိမ်းဆည်းထားခဲ့သည်။

မိတ္ထီလာမြို့နယ် သီးကုန်းအမြန်လမ်း ရဲစခန်းတွင် စက်တင်ဘာ ၈ ရက်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေဝင်း၊ တရုတ်ကောင်စစ်ဝင်ရုံးမှ အရာရှိတစ်ဦးနှင့် သေဆုံးသူ တရုတ်နိုင်ငံသားသုံးဦး၏ မိဘဆွေမျိုးများ၊ ယာဉ်မောင်း ဇော်နိုင်ထွန်း၏ မိဘဆွေမျိုးများအား အမြန်လမ်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေဝင်းက သီးကုန်းရဲစခန်းမှ စနစ်တကျ သိမ်းဆည်းထားသော သေဆုံးသူများ၏ ပစ္စည်းများအား တရုတ်အမျိုးသားသုံးဦး၏ မိဘဆွေမျိုးများနှင့် ယာဉ်မောင်း ဇော်နိုင်ထွန်း၏ မိဘဆွေမျိုးများအား အသိသက်သေများရှေ့မှောက်တွင် ပြန်လည် လွှဲပြောင်းပေးအပ်ခဲ့သည်။

**(၁၁၁)**

❖ ဟန်လင်းမှ

# စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး ကျင်းပ

**မုံရွာ စက်တင်ဘာ ၁၀**

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်း ... ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်တို့ တက်ရောက်ခဲ့ကြသည်။ ... ဦးဌေးဝင်း ကွယ်လွန်မှုအား လွှတ်တော်မှ ဝမ်းနည်းကြောင်း မှတ်တမ်းတင်ခြင်း၊ တိုင်းဒေသကြီး ... မှအတည်ပြုခြင်း၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး၏ "နန္ဒဝန် တန်ဖိုးမျှတအိမ်ရာစီမံကိန်း ဆောက်လုပ်ရေးစီမံချက်အဆို" အား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ...

တိုင်းဒေသကြီး(မြန်/ဆက်)

# လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် လူတိုင်းစာတတ်မြောက်ရေးသည် အဓိကကျ

**ရန်ကုန် စက်တင်ဘာ ၁၀**

နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအနက် လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် လူတိုင်းစာတတ်မြောက်ရေးသည် အဓိကကျကြောင်း ... ပြောကြားခဲ့သည်။

အခမ်းအနားတွင် ပဲခူးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ...

(သတင်းစဉ်)

# လက်ရှိမြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ လူငယ်များသိရှိစေရန် စတုတ္ထအကြိမ် လူငယ်နှင့် ငြိမ်းချမ်းရေးသင်တန်းနှင့် ဖိုရမ် မော်လမြိုင်၌ ပြုလုပ်

**မော်လမြိုင် စက်တင်ဘာ ၁၀**

... အဓိကကျသည့် ငြိမ်းချမ်းရေးတည်ဆောက်ရေးဖြစ်စဉ်၊ လက်ရှိ ဖော်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေး ...

(သတင်းစဉ်)



# တစ်နှစ်သင်ယူရသော မူလတန်းပြဆရာအတတ်သင် သင်တန်းကို ပညာရေးကောလိပ်များတွင် လေးလဖြင့် အတတ်သင်ကြားစနစ် စတင်တော့မည်

**မုံရွာ စက်တင်ဘာ ၁၀**

မျိုးဝင်းထွန်း(မုံရွာ)



# အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအား Mobile Team အဖွဲ့များ စစ်ဆေးမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

ကျော်မြင့်အေး(မြန်/ဆက်)

❍ ဘိုကလေးမြို့မှ

ဌေးနိုင်(ဘိုကလေး)

❂ ကျောဖုံးမှ

# ခေတ်အဆက်ဆက် ကျော်ကြားခဲ့သော ဓာတ်ပြားဟောင်းများနှင့် ဓာတ်စက်များလျှဒါန်းနိုင်

**နေပြည်တော် စက်တင်ဘာ ၁၀**

ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ကို မကြာမီ ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ...

(သတင်းစဉ်)

သတင်း+ဓာတ်ပုံ ရှိုင်းထက်စော



# အခြေခံပညာအဆင့် ကျောင်းပေါင်းစုံ ကဗျာလွတ်အကြိုပြိုင်ပွဲကျင်းပ

**မြောင်းမြ စက်တင်ဘာ ၁၀**

ခိုင်ခိုင်(မြန်/ဆက်)

# မျက်စိနာရောဂါ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာန

## ပြည်တွင်းရေးရာ



**❖ ရွှေမြန်မာမှ**

ခရီးသွားများတိုးတက်များပြားလာသည်နှင့်အတူ ခရီးသွားများကို ဝန်ဆောင်မှုပေးနေသော လေကြောင်းလိုင်းများ၊ ခေတ်မီမော်တော်ယာဉ်ဖြင့် လိုရာခရီးကို ပို့ဆောင်ပေးသည့်လုပ်ငန်းများလည်း တစ်နှစ်ထက်တစ်နှစ် ဝန်ဆောင်မှုများ တိုးမြှင့်ပေးကြသလို ခရီးစရိတ်များ လျှော့ချကာ ပြေးဆွဲပေးနေကြသည်ကို တွေ့မြင်ကြားသိရပေသည်။

ယခုနှစ် ပွင့်လင်းရာသီသို့ ရောက်ရှိလာတော့မည်ဖြစ်သဖြင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်ကြသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းအသီးသီးတို့ ပြည်တွင်း၊ ပြည်ပခရီးစဉ်များကို စတင်ကြော်ငြာနေကြသည်ကိုလည်း တွေ့မြင်ရကာ ပို့ဆောင်ရေးကဏ္ဍတွင်လည်း အိမ်နီးချင်းပြည်ပခရီးစဉ်ဖြစ်သော ရန်ကုန်-ချင်းမိုင်(ဇင်းမယ်)ခရီးစဉ်အသစ်ကို မကြာမီကာလတွင် ပြေးဆွဲမည်ကို သိရသဖြင့် ရွှေမြန်မာလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သော ဦးအေးလွင်နှင့်တွေ့ဆုံ၍ မေးမြန်းခဲ့ပါသည်။

"ကျွန်တော်တို့ ရွှေမြန်မာလေကြောင်းလိုင်း (Golden Myanmar Airlines) အနေနဲ့ လက်ရှိအချိန်မှာ Air Bus A320 လေယာဉ်နဲ့ ရန်ကုန်မှ စင်ကာပူ၊ မန္တလေးမှ စင်ကာပူမြို့များသို့ ပျံသန်းလျက်ရှိကာ ရန်ကုန်-မန္တလေးခရီးစဉ်ကို တစ်နေ့နှစ်ကြိမ် နေ့စဉ်ပျံသန်းပေးလျက်ရှိပါတယ်။ နောက်ခရီးစဉ်ကတော့ ATR 72-600 လေယာဉ်ဖြင့် မန္တလေးမြို့မှာ အခြေပြုပြီး မြစ်ကြီးနား၊ ပူတာအို၊ ဗန်းမော်၊ လားရှိုး၊ ဟဲဟိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ ညောင်ဦးမြို့များသို့ ပြည်တွင်းခရီးစဉ်အဖြစ် ပြေးဆွဲနေပါတယ်။ လာမယ့်ခရီးသွားကာလတွင် ရန်ကုန်မြို့မှ နေပြည်တော်၊ သံတွဲ၊ ညောင်ဦး၊ ဟဲဟိုးမြို့များသို့လည်း ပျံသန်းပြေးဆွဲရန် စီစဉ်နေပြီး အခုခရီးစဉ်အသစ်တစ်ခုကတော့ ပွင့်လင်းရာသီ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရန်အတွက် ရန်ကုန်မှ ချင်းမိုင်(ထိုင်း)သို့ ATR 72-600 လေယာဉ်အသစ်နဲ့ အောက်တိုဘာ ၁ ရက်မှစပြီး ပြေးဆွဲတော့မှာဖြစ်ပါတယ်။ ဈေးနှုန်းကတော့ ခရီးစဉ်တစ်ကြောင်းကို အမေရိကန်ဒေါ်လာ ၅၉ ဒေါ်လာဖြစ်ပြီး အသွားအပြန်ဆိုရင် ၁၁၈ ဒေါ်လာသာ ကုန်ကျမှာဖြစ်ပါတယ်။ အပတ်စဉ် အင်္ဂါ၊ ကြာသပတေး၊ စနေနေ့များတွင် ပုံမှန်ပြေးဆွဲသွားမှာပါ"ဟု ဦးအေးလွင်က ရှင်းပြသည်။

ထိုင်းနိုင်ငံ၏ အထင်ကရမြို့ဖြစ်သော ချင်းမိုင်(ဇင်းမယ်)မြို့သည် မြန်မာတို့နှင့် မစိမ်းလှပေ။ မြန်မာဘုရင်များလက်ထက်က နှစ်ကိုယ့်တစ်စိတ်ဖြစ်ခဲ့သော သာဓကများရှိခဲ့ပေသည်။ သို့ဖြစ်ခြင်းကြောင့် ချင်းမိုင်မြို့၏ ခရီးသွားသင့်သည့် နေရာများကိုလည်း လက်လှမ်းတမီ စုစည်းတင်ပြလိုပါသည်။

ဇင်းမယ်သည် ထိုင်းနိုင်ငံမြောက်ပိုင်းရှိ မြို့တစ်မြို့ဖြစ်သည်။ ယခုအခါ ထိုင်းနိုင်ငံ၏ မြို့ကြီးတစ်မြို့ဖြစ်နေပြီး ဇင်းမယ်ကို ခရစ်နှစ် ၁၂၉၆ ခုနှစ်တွင် ဘုရင်မိုင်းရဲက စတင်တည်ထောင်ခဲ့သည်။ မြန်မာဘုရင်များလက်ထက်က ဇင်းမယ်ကို ပြည်နယ်အဖြစ် သတ်မှတ်ခဲ့ဖူးသည်။

ဇင်းမယ်ရှိ ဘုရားစေတီတို့၏ ပုံသဏ္ဌာန်မှာ မြန်မာဘုရားစေတီတို့၏ ပုံသဏ္ဌာန်နှင့်တူကြသည်။ ယွန်းထည်လုပ်ငန်းသည် အထူးကြီးကျယ်သော လုပ်ငန်းတစ်ခုဖြစ်၏။ မြန်မာတို့ကဲ့သို့ပင် ကွမ်းအစ်၊ သပိတ်၊ သေတ္တာ၊ ဖြက်စသည်တို့ကို ပြုလုပ်သည်။ ထိုလုပ်ငန်းများအပြင် ပိုးထည်အများအပြားကိုလည်း ဇင်းမယ်တွင် ရက်လုပ်ကြသည်၊ ဇင်းမယ်လုံချည်မှာ မြန်မာအမျိုးသမီးလောကတွင် ယခုထက်တိုင် ခေတ်စားလျက်ရှိသည်။ ကြေးဖြင့် ပြုလုပ်သော ဟင်္သာရုပ်၊ ခြင်္သေ့ရုပ်၊ ဆင်ရုပ်စသည့် အလေးတို့ကိုလည်း ပြုလုပ်ရောင်းချကြလေသည်။

**ချင်းမိုင်မြို့မှအထင်ကရများ**

Doi Pui Suthep အမည်ရှိ အမျိုးသားဥယျာဉ်သည် ချင်းမိုင်မြို့၏ အပြင်ဘက်တွင် ရှိပင်ရှိလင့်ကစား ယင်းအမျိုးသားဥယျာဉ်နယ်ပယ်အဝန်းအဝိုင်းအတွင်းပါရှိသော Doi Suthep အမည်ရှိတောင်ပေါ်မှ လှမ်းမျှော်ကြည့်ရှုမည်ဆိုပါက Wat Doi Suthep ဗုဒ္ဓဘုရားကျောင်းနှင့် ချင်းမိုင်မြို့တစ်ခုလုံး၏အလှအပများကို ရင်သပ်ရှုမောဖွယ် မြင်တွေ့ရမည်ဖြစ်သည်။

ယင်းအပြင် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး သဘာဝဥယျာဉ်သည်လည်း ချင်းမိုင်မြို့နှင့် ဆက်နွယ်သည့် အထင်ကရနေရာတစ်ခုဖြစ်ပေသည်။ ယင်းဥယျာဉ်သည် ၆၀ ကီလိုမီတာ(၃၇ မိုင်) ကျယ်ဝန်းပြီး ချင်းမိုင်မြို့၏ မြောက်ဘက်ပိုင်းတွင်တည်ရှိကာ မြို့မှ ကားဖြင့်သွားရောက်မည်ဆိုပါက တစ်နာရီခန့်သွားရောက်ရမည်ဖြစ်သည်။ အဆိုပါ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး သဘာဝဥယျာဉ်တွင် ထိန်းသိမ်းစောင့်ရှောက်ထားသော ဆင်ကောင်ရေ ၃၀ ခန့် ကျင်လည်ကျက်စားလျက်ရှိသည်။**(အပေါ်ပုံ)**

ချင်းမိုင်မြို့သို့ လာရောက်လည်ပတ်သူများအနေဖြင့် တစ်နေကုန်လည်ပတ်သွားလာနိုင်သလို ညပိုင်းတွင်လည်း အပန်းဖြေအနားယူနိုင်သည့် နေရာများရှိနေပေသည်။ ချင်းမိုင်မြို့သို့ လာရောက်လည်ပတ်သူများအနေဖြင့် ညချမ်းအချိန်ခါသမယတွင် မြို့အတွင်းရှိ စင်တင်ဖျော်ဖြေမှုများ တင်ဆက်သည့် နေရာများတွင် အပန်းဖြေအနားယူနိုင်ပေသည်။ ထို့အပြင် သာယာငြိမ့်ညောင်းသည့် ဂီတသံစဉ်များကိုမှ ကြိုက်နှစ်သက်ကြသူများအတွက်လည်း အပန်းဖြေနားဆင်နိုင်သည့် နေရာများရှိပေသည်။

ပလေးဟောက်စ်အမည်ရှိ ပြဇာတ်ရုံတွင်လည်း ညချမ်းကာလ အခါသမယတွင် ထိုင်းအနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုခံစားနိုင်သည်။ ယင်းပြဇာတ်ရုံတွင် ပွဲကြည့်သူ ၃၅၀ အတွက် နေရာထိုင်ခင်းများ ပြင်ဆင်ပေးထားပြီး ယင်း၏ပတ်ပတ်လည်တွင် တောင်တန်းများ၊ ရေတံခွန်များက ဝန်းရံလျက်တည်ရှိသည်။

ချင်းမိုင်မြို့၏ ညချမ်းချိန်ခါတွင် ကာရာအိုကေများ ဟစ်ကြွေးအပန်းဖြေနိုင်သလို ညဈေးတန်းများတွင်လည်း လှည့်လည်လည်ပတ် ဝယ်ယူသုံးစွဲနိုင်သည်။ ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်သူ ကမ္ဘာလှည့်ခရီးသွားများအနေဖြင့် ရှေးဟောင်းအမွေအနှစ်များနှင့် ခေတ်သစ်လက်ရာများပေါင်းစပ်တည်ရှိနေသည်များကို လေ့လာလိုသည်ဆိုပါက ချင်းမိုင်မြို့သို့ လာရောက်လေ့လာသင့်ပေသည်။ ချင်းမိုင်မြို့တွင် ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများ၊ ဘုရားကျောင်းများ အစရှိသည်တို့အပြင် ခေတ်မီစတိုးများ၊ ဟိုတယ်များ တည်ရှိနေပေသည်။

**ချင်းမိုင်မြို့၏ အထင်ကရပွဲတော်များ**

ထိုင်းပြက္ခဒိန်၏ ၁၂ လမြောက်၏ လပြည့်နေ့အခါသမယတွင် Loi Krathong ဟုအမည်ရပြီး ဒေသအခေါ်အားဖြင့် Yi Peng ဟု အမည်ရသော ပွဲတော်ကို ကျင်းပလေ့ရှိကြသည်။ အနောက်နိုင်ငံများ၏ ပြက္ခဒိန်အရမူ နိုဝင်ဘာလအတွင်းတွင် ဖြစ်သည်။ ယင်းပွဲတော်ကို နှစ်စဉ်မပျက် ကျင်းပလာခဲ့ကြပြီး ထောင်ပေါင်းများစွာသော လူထုက ငှက်ပျောရွက်များဖြင့် ဖန်တီးထားသော ထည့်စရာတစ်ခုအတွင်း ပန်းများ၊ ဆီမီးများထည့်ကာ ရေမျှော၍ ရေနတ်ဘုရားကို ပူဇော်ပသကြသည့် ပွဲတော်ဖြစ်သည်။ ထို့ပြင် စက္ကူဖြင့် စီမံပြုလုပ်ထားသည့် မီးပုံးပျံနှင့်တူသော အလုံးများကိုလည်း လေထဲသို့ လွှတ်တင်ကြသည်။

**Songkran ပွဲတော်**

အဆိုပါပွဲတော်အား ထိုင်းနိုင်ငံ၏ နှစ်သစ်ကူးပွဲတော်အဖြစ် ဧပြီလလယ်ပိုင်းတွင် ကျင်းပလေ့ရှိသည်။ ယင်းပွဲတော်ကျင်းပသည့်နေရာ များစွာရှိသည့်အနက် ချင်းမိုင်မြို့သည် လူအများစိတ်ဝင်စား၍ လာရောက်ဆင်နွှဲသည့် အထင်ကရနေရာတစ်ခုအဖြစ် တည်ရှိနေပေသည်။

**ချင်းမိုင်ပန်းပွဲတော်**

အဆိုပါပွဲတော်အား ဖေဖော်ဝါရီလ၏ ပထမပတ်တွင် ကျင်းပလေ့ရှိပြီး သုံးရက်ကြာကျင်းပသည့် ပွဲတော်ဖြစ်သည်။

**Tam Bun Khan Dok,**
**the Inthakin(City Pillar) ပွဲတော်**

ယင်းပွဲတော်ကို ခြောက်လမြောက်၏ လဆန်းပိုင်းတွင် ကျင်းပလေ့ရှိကြပြီး ခြောက်ရက်မှ ရှစ်ရက်ထိ ကျင်းပကြသည်။

ခရီးသွားလာရေးကို စိတ်ပါဝင်စားသူများအနေဖြင့် ပြည်ပခရီးဝေးကို သွားလာရန် အခါအခွင့်မသင့်ခဲ့ပါမူ ယခုတင်ပြထားသည့် ရန်ကုန်-ချင်းမိုင်-ရန်ကုန်ခရီးစဉ်သည် သွားလာလည်ပတ်လေ့လာရန် ကောင်းမွန်အဆင်ပြေနိုင်ပြီး မြန်မာနှင့် ယဉ်ကျေးမှုချင်းပါ ယှက်နွယ်တူညီနေသဖြင့် သွားလာလည်ပတ်သူတို့အတွက် ပျော်ရွှင်ဖွယ် ခရီးစဉ်တစ်ခုဖြစ်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ရန်ကုန်-မန္တလေး အမြန်လမ်းတွင် အငှားယာဉ်အား လုယူထွက်ပြေးသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူထား

**နေပြည်တော် စက်တင်ဘာ ၁၀**

ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၆/၇)နှင့်(၇/၀)ကြား၌ သန်လျင်မှ နေပြည်တော်သို့ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ ဦးမောင်မောင်စိုး(၅၉)နှစ်မောင်းနှင်သည့် ကာရီးနားအငှားယာဉ်တစ်စီးဖြင့် လိုက်ပါလာသော အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က ဦးမောင်မောင်စိုးကို ဝိုင်းဝန်းထိုးကြိတ်ပြီး ယာဉ်အားလုယူ၍ နေပြည်တော်ဘက်သို့ မောင်းနှင်ထွက်ပြေးသွားသောကြောင့် အရေးယူပေးရန် မွန်းလွဲ ၂ နာရီခန့်က တိုင်တန်းသဖြင့် အမှတ်(၃)လမ်းဆုံအမြန်လမ်းရဲစခန်း(ပ)၁၄/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့်စုံစမ်းခဲ့သည်။

ယာဉ်အား ပြန်လည်ရရှိရေးနှင့် ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက ရန်ကုန်တိုင်းဒေသကြီး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးတို့နှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃၁ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တွင် ယာဉ်တစ်စီးရောင်းရန်ရှိကြောင်း သတင်းအရ စုံစမ်းခဲ့ရာ ရောင်းမည့်သူမှာ အမှုဖြင့် မသက်သာ ဒေါ်အေးကြည်ဖြစ်ကြောင်း သိရှိရ၍ ဝယ်ယူရန်ချိန်းဆိုခဲ့ပြီး ချိန်းဆိုထားသည့် တောင်ဥက္ကလာပမြို့နယ် စီမံကိန်းရပ်ကွက်သို့ သွားရောက်ခဲ့ကြောင်း၊ ထို့နောက် သံသုမာလမ်းပေါ်ရှိ ရတနာလမ်းထိပ်အနီးသို့ ပြောင်းလဲချိန်းဆိုသဖြင့် သွားရောက်စောင့်ဆိုင်းနေစဉ် ဒေါ်အေးကြည် ရောက်ရှိလာကာ တောင်ဥက္ကလာပမြို့နယ် (၁၄/၁)ရပ်ကွက် မေတ္တာလမ်းနေ ဦးစံငြိမ်း(၆၄)နှစ်၏ နေအိမ်သို့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ အဆိုပါနေအိမ်ရှေ့ဝဲဘက်ရှိ မြေကွက်လပ်၌ နံပါတ်ပြားများဖြုတ်၍ မိုးကာနှင့်အုပ်ထားသည့် လုယူသွားသောယာဉ်နှင့် နေအိမ်အတွင်းမှ ကြွပ်ကြွပ်အိတ်ဖြင့် ထုတ်ထားသော ယာဉ်နံပါတ်ပြားနှစ်ချပ်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။ ဆက်လက်၍ ဒေါ်အေးကြည် ကိုင်ဆောင်ထားသည့် လက်ကိုင်အိတ်အား ရှာဖွေရာ အခင်းဖြစ်စဉ်က ဦးမောင်မောင်စိုးထံမှ လုယူခဲ့သော လက်ကိုင်ဖုန်း တစ်လုံး၊ အလေးချိန်တစ်ရွေးသားခန့်ရှိ ရွှေပြားတစ်ခု၊ ပလက်တီနမ်ဆွဲကြိုးတစ်ကုံး၊ ဘူးသီးပုံဆွဲသီးတစ်ခု၊ ရွှေရည်စိမ်ထားသော အလေးချိန် နှစ်ကျပ်သားခန့်စီရှိ ဆွဲကြိုးနှစ်ကုံး၊ ခြောက်ပဲသားခန့်ရှိ ဆွဲကြိုးတစ်ကုံးနှင့် စာချုပ်စာတမ်းအဟောင်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ ထို့ကြောင့် ပြစ်မှုကျူးလွန်သူ တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် ဗညားဒလလမ်းနေ ဒေါ်အေးကြည် အသက်(၅၀)နှစ်အား စစ်မေးရာ အခင်းဖြစ်စဉ်က သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက်နေ သက်ကိုဦး(ခ)ရွှေအ(၃၄)နှစ်၊ တစ်ရပ်ကွက်တည်းနေ ချစ်ကို(ခ)ဇော်ထိုက်(၂၂)နှစ်တို့နှင့်အတူ ကျူးလွန်ခဲ့ကြောင်း၊ ယာဉ်အား တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းရာတွင် တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက်၊ ယုဇနလမ်းနေ နေလင်း(၂၃)နှစ်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့ ငါးဦးအား အမှုဖွင့်ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ရဲပြန်ကြား)**



# မင်းလှမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၅၄၄ ပြား သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု (၁၅)မကွေး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စက်တင်ဘာ ၈ ရက်က မင်းဘူး-မင်းလှ ကားလမ်းဆုံတွင် မခိုင်(ခ)ကျော့ကေခိုင်ထွန်း မောင်းနှင်ပြီး မသန့်သန့်ဇော် လိုက်ပါလာသည့် ဆိုင်ကယ်အား ရှာဖွေရာ မခိုင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၉ ပြား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးရောင်းချသူ မင်းလှမြို့နယ် ရွာတော်ကျေးရွာနေ သိန်းဇော်၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၄ ပြားနှင့် မခိုင်၏ နေအိမ်အား ဆက်လက်ရှာဖွေရာ ၎င်းခင်ပွန်း ငြိမ်းချမ်းဇော်အား တွေ့ရှိပြီး နေအိမ်ခြံဝင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၁ ပြား စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၄၄ ပြား သိမ်းဆည်းရမိသဖြင့် မခိုင်(ခ) ကျော့ကေခိုင်ထွန်း(၂၃)နှစ်၊ မသန့်သန့်ဇော်(၂၅)နှစ်၊ သိန်းဇော် (၄၄)နှစ်၊ ငြိမ်းချမ်းဇော် (၂၃)နှစ်တို့ လေးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**

# မာန်လုပ်လျှင် လွယ်သည်သာပ

ခင်မောင်ဌေး(ပညာရေး)

လူမှုဝန်းကျင်သည် အလွန်ပင်ကျယ်ဝန်းလှပါသည်။ မိမိနှင့်ပတ်သက်သည့် အလုပ်ဌာန၊ မိမိတို့ပါဝင်ရာ အသင်းအပင်း၊ အဖွဲ့အစည်းများတွင် ပါဝင်လှုပ်ရှားရ၏။ မိမိတို့နေထိုင်ရာ ရပ်ရွာအတွင်း၌လည်း သင့်တင့်လျောက်ပတ်စွာ ပေါင်းသင်းဆက်ဆံရ၏။ သို့ဖြစ်၍လည်း လူသည် ပေါင်းသင်းဆက်ဆံရေး သတ္တဝါ (Social Beings)ဟု ဆိုခြင်းဖြစ်သည်။

လူတို့သည် အတ္တကြီးသည်မှာ အမှန်ဖြစ်၏။ "ငါ"တည်းဟူသော အတ္တလွန်ကဲ စိတ်ကြီးဝင်တတ်သည်ဖြစ်ရာ လူ့အဖွဲ့အစည်းအတွင်း ပေါင်းသင်းဆက်ဆံကြရာတွင် ယင်းအတ္တ၊ မာနများကို မပယ်ခွာနိုင်သရွေ့ အဆင်ပြေချောမွေ့မှုမရှိနိုင်သည်ကို တွေ့ရတတ်၏။ လူအများနှင့် ဆက်ဆံရာတွင် မိမိဖြစ်လိုသည့် ဆန္ဒတစ်ခုတည်းကို ရှေ့တန်းတင်၍ မိမိ၏အမြင်တစ်ခုတည်းနှင့် မရနိုင်။ နှစ်ဖက်စလုံးအဆင်ပြေနိုင်မည့်လမ်းကိုသာ ရွေးချယ်၍ ပြုမူဆက်ဆံခြင်းဖြင့်သာ အဆင်ပြေလွယ်ကူမှုကိုဖြစ်စေနိုင်ပါသည်။

"ဘဝင်မမြင့်ပါနှင့် ဘဝမြင့်ပါ"ဆိုသည့် လမ်းညွှန်စကားရှိသည်။ မိမိဘဝ အနေကိုမြှင့်တင်နိုင်ရန် မည်သို့သော ရိုးသားကြိုးစားမှုမျိုးဖြင့် ပုံဖော်ဖန်တီးသင့်သည်ကို အစဉ်သတိချပ်သင့်၏။ မိမိ၏အတတ်ပညာဂုဏ်၊ ကြွယ်ဝမှုဂုဏ်၊ သြဇာအာဏာအရှိန်အဝါဂုဏ်တို့ဖြင့် မော်ကြွားမှုသည် မောက်မာမှုပင်ဖြစ်သည်။ စိတ်ဘဝင်မြင့်ကာ မည်သူနှင့်မျှ ပြောဆိုဆက်ဆံမှုမရှိခြင်း၊ ပြောဆိုရာတွင်လည်း ပြေပြစ်ချောမွေ့မှုမရှိခြင်းသည် တစ်ကိုယ်ကောင်းဆန်သည့်စိတ်ကို ဖြစ်စေပါသည်။

"မာန်တက်လျှင် ဟန်ပျက်မည်၊ မာန်ချလျှင် ဟန်ကျမည်"ဆိုသည့် စကားမှာ အလွန်ပင်မှတ်သားထိုက်ပါသည်။ လူတို့တွင် မာန်မာနခံနေလျှင် တတ်သင့်သည့်ပညာတွင်လည်း အဟန့်အတားဖြစ်၏။ ပြောဆိုဆက်ဆံရာတွင်လည်း အဖုအထစ်ရှိနိုင်၏။ မိမိသည် မည်သို့သောလူ၊ မည်သို့သောအဆင့်ပင်ဖြစ်စေကာမူ မိမိ၏မာန်မာနကို လျှော့ချနိုင်မှသာ အောင်မြင်မှုကိုခံစားရရှိနိုင်မည်ဖြစ်၏။

ပညာရှာရာတွင် "ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးနှင့်၊ ချိုကျိုးနွားလား၊ ဒွန်းစဏ္ဍားပမာ" ပြုရမည်ဆိုခြင်းမှာ မာန်မာနကို လျှော့ချစေခြင်းပင်ဖြစ်သည်။

စင်စစ်လူတို့၏ နှလုံးသားကို အဓိကထိန်းကျောင်းပေးနေသည်မှာ စာနာစိတ်ပင်ဖြစ်သည်။ မိမိကိုယ်တိုင် အခြားခံစားမှုစိတ်နယ်ပယ်တစ်ခုတွင် ထပ်တူထပ်မျှ ခံစားနိုင်မှသာ ယင်းစာနာစိတ်ကို နားလည်ခံစားနိုင်မည်ဖြစ်သည်။ ယင်းစိတ် ဖြစ်ပေါ်လာသူများသည် ညင်သာသိမ့်မွေ့သော စိတ်နှလုံးသားရှိကာ ချိုသာပြေပြစ်သော လူမှုဆက်ဆံရေးကို ရရှိနိုင်မည်ဖြစ်ပါသည်။

မာန်မာနနှင့်ပတ်သက်၍ ငယ်မည်"မောင်မာ "ဟုတွင်ခဲ့သည့် မန်လည်ဆရာတော်ကြီးက "မာန်မလုပ်ချင်ဘု မာန်လုပ်လျှင် လွယ်သည်သာပ ငယ်မည်မှာ နကိုသတ်ရုံပဲ"ဟု လွယ်လွယ်ကူကူပင် ဆုံးမတော်မူခဲ့ပါသည်။

'နိဝါတ'သည် နှိမ့်ချမှုဖြစ်သည်။ မိမိကိုယ်ကို နှိမ့်ချနိုင်သမျှ အကျိုးရှိနိုင်၏။ သို့ဖြစ်၍ "လူ့အောက်ကျို့၍ လူမပိ"ဟူ၍ပြောဆိုကြခြင်းဖြစ်၏။ ' မာန'သည် ထောင်လွှားမှုဖြစ်၏။ မည်သို့သော ထောင်လွှားမှုမျိုးမှ အကျိုးမရှိ။ ထို့ပြင်မိမိအတွက် ဘေးဥပါဒ်ပင် ကြီးစွာကြုံတွေ့နိုင်လေ၏။ လူတို့သည် အောက်ပါအခြေအနေအရပ်ရပ်တွင် မာနထောင်လွှားတတ်ကြသည်ကိုတွေ့ရ၏ -

၁။ ဇာတိမာန-ဇာတိကိုစွဲ၍မာန်ထောင်ခြင်း

၂။ ဣဿရိယမာန-အစိုးရခြင်းကိုစွဲ၍ မာန်ထောင်ခြင်း

၃။ ဂေါတ္တမာန-အမျိုးအနွယ်ကိုစွဲ၍ မာန်ထောင်ခြင်း

၄။ သေဋ္ဌမာန-ငါသည်သာမြတ်၏ဟု မာန်ထောင်ခြင်း

၅။ သဒိသမာန- ငါနှင့်တန်းတူဟု မာန်ထောင်ခြင်း

၆။ ဟိနမာန-ငါ့အောက်ကလူပဲဟူ၍ မာန်ထောင်ခြင်းအမှုကို ပြုတတ်ကြပါသည်။

"ဂုဏ်-ဂုဏ်-ဂုဏ်- ဂုဏ် ဆိုတာငွေကိုခေါ်တယ်" ဟူ၍ ရှေးဟောင်းသီချင်းတစ်ပုဒ်ရှိ၏။ စင်စစ်ငွေဂုဏ်သာမောက်ကြသည်မဟုတ်။

ရာထူးဌာန္တရဂုဏ်၊ အတတ်ပညာဂုဏ်အားဖြင့်လည်း မာန်မာနတက်ကြ၍မောက်မာတတ်ကြပါသည်။ စင်စစ်ဂုဏ်ဆိုသည်မှာ ထူးခြားသော အရည်အချင်းတစ်ရပ်ပင်ဖြစ်သည်။ သို့သော် ထင်ရှားချင်မှ ထင်ရှားနိုင်ပါသည်။ ယင်းကို ထင်ရှားလေအောင် စွမ်းဆောင်ကြိုးပမ်းသည်မှာ "ဂုဏ်တုဂုဏ်ယောင်" ပင်ဖြစ်သည်။ "ဂုဏ်ပကာသန"ဆိုသည်မှာ ထင်ရှားပေါ်လွင်မှုပြုသည့် သဘောရှိပါသည်။ ထို့ကြောင့် "ဂုဏ်တုဂုဏ်ယောင်"ဆိုသည်မှာ "ဂုဏ်ပကာသန" များပင်ဖြစ်သည်။ ယင်းဂုဏ်ပကာသနများကို မက်မောကြသူများသည် တစ်နည်းမဟုတ်တစ်နည်းဖြင့် ထင်ပေါ်ကျော်ကြားအောင် လုပ်တတ်ကြပါသည်။ ထိုသူများသည် မာန်မာနရှိသူများအဖြစ် ပေါ်လွင်နေတတ်ပါသည်။

ထို့ကြောင့် မာန်မာနသည် လူသားတိုင်းအတွက် အတားအဆီး အပိတ်အဆို့သဖွယ်ခုခံ၍ နေတတ်၏။ မာန်မာနကင်းသူသည် ပလွှားမှုမရှိ။ ကြွားဝါမှုမရှိ။ ပေါ်လွင်ထင်ရှားမှု မပြုသည်ကို တွေ့ရ၏။ အထူးသဖြင့် "သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်"တို့သည် ဂုဏ်အစစ်ဖြစ်သည်။ ထိုဂုဏ်ကျေးဇူးနှင့်ပြည့်စုံသူတို့သည် မာန်မာနကင်း၍ အေးငြိမ်း၏။ လူလည်းရှိသေ ရှင်လည်းရိုသေ၏။ လေးစားတန်ဖိုးထားခံရ၏။ မာနတံခွန်အလံထူနေသူများကား မန်လည်ဆရာတော် မိန့်ကြားသကဲ့သို့ပင် "မာန်မလုပ်ချင်ဘု မာန်လုပ်လျှင် လွယ်သည်သာပ"ဟူ၍သာ။ ။

■




## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ပေါင် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ မိုးမှာလေ့ကျင့်ပြင်ဆင်၊ ဆောင်းမှာ စစ်ဆေးသတိပေး၊ နွေမှာ အသင့်ရှိရေး ဟူသော ဆောင်ပုဒ်နှင့်အညီ စွမ်းရည်ပြည့်ဝသော အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဖြစ်စေရေးအတွက် ပေါင်မြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူးကျင်းပသော မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအသီးသီးမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီတွင် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပေါင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးစိုးကျော်သူက သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းတင်ပြသည်။ အဆိုပါသင်တန်းသို့ ပေါင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်စု ၂၈ အုပ်စုမှ အရန်မီးသတ် တပ်ဖွဲ့ဝင် ၉၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်ကြောင်း သိရသည်။

(၅၆၅)

ရုပ်ရှင်တေးကဗျာ
ရသစုံမဂ္ဂဇင်း
♛ စမ်းစမ်းတင်၊ မောင်ကြည်မွန်၊ နီအောင်၊ မိုးဝေး၊ တိုးဝေ၊ ရာမျိုးစသူတို့ရဲ့ ကဗျာများ
♛ ရိုးရိုးရဲ့ ဦးလေးဒဂုန်တာရာနှင့် ဗိုလ်ဗေယျမိသားစု အမှတ်တရနေ့ရက်များ၊ ရှားပါးဓာတ်ပုံများ
♛ မောင်နွေထက်၊ မောင်သာချို၊ မောင်သန်းဆွေ(ထားဝယ်)၊ မောင်ခင်မင် (ဓနုဖြူ)၊ သရဝဏ်(ပြည်)၊ ကြူးနှစ်၊ မျိုးသန့် စသူတို့ရဲ့ ဝတ္ထု၊ ဆောင်းပါးများ
♛ လူပြောများတဲ့ ရွှေစင်၊ သူ့အငွေ့အသက်တွေ ရှိနေဆဲဆိုတဲ့ ဆိုတေး၊ ယခုတလော မယ်ပြိုင်ပွဲများ၊ ဗန်ကောက်မှာ တင်မိုးလွင်ရဲ့ အစီအစဉ်၊ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)၊ မြင့်မြတ်၊ မင်းမော်ကွန်း။ ဂျူးဂျူးကေ စတဲ့ ဖျော်ဖြေရေး အနုပညာ . . .
♛ ကဗျာဝတ္ထု၊ ဆောင်းပါးများနှင့် ခံစား တွေးခေါ်မြော်မြင်နိုင်ကြပါစေ
♛ စစ်အတွင်းမှာပင် ဖျော်ဖြေရေးဆိုတာ ရှိခဲ့တာမို့ ဒီမိုကရေစီအတွက်ရုန်းကန်ရတဲ့ ကာလမှာလည်း ဖျော်ဖြေရေးနှင့် စိတ်၏ထွက် ပေါက်ရနိုင်ကြပါစေလို့ . . . .
ရုပ်ရှင်တေးကဗျာ ၂၀၁၄ စက်တင်ဘာလထုတ်
ထွက်ပြီ

ASIA KING 09-43114301,09-420221257
✣တောင်ကြီး၊ အင်းလေး(ဖောင်တော်ဦးဘုရားပွဲ)၊ ထမ့်စမ်း Oct 3,6
✣ပုဂံ(ခွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ၊ နေပြည်တော် (အပတ်စဉ်သောကြာ)
✣မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ ကျိုက်ထီးရိုး/ ချောင်းသာ
✣မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲကမ်းခြေ ဘီးလင်း-မဲလဲဆံတော်ရှင်
ကားမျိုးစုံစီးလုံးငှားအထူးနှုန်း Hotel/Guest/ ဧည့်ခံ-စားတည်းငြိမ်း

## ပျောက်ဆုံးကြောင်း

ကိုအောင်ကျော်ဌေး[၁၀/မလမ(နိုင်)၁၇၅၉၀၂] ၏ ပတ်စပို့နံပါတ်မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၅၃၂၂၇၈၃

BEAUTIFUL MEMORIES TRAVELS & TOURS
ဗုဒ္ဓဂယာ ခရီးစဉ် - Nov 2 - 12 ( 10ည / 11 ရက်) , Dec 5 - 12 ( 7ည / 8 ရက် )
ဂျပန် ခရီးစဉ် - Dec 10 - 17 ( 7ည / 8 ရက်)
စင်ကာပူ ခရီးစဉ် - Oct 4 - 8 ( 4ည / 5 ရက်)
- Dec 26 - 30 ( 4ည / 5 ရက်)
ဗန်ကောက် ခရီးစဉ် - Oct 4 - 8 ( 4ည / 5 ရက်)
- Dec 24 - 28 ( 4ည / 5 ရက်)
ဗီယက်နမ် ခရီးစဉ် - Oct 5 - 8 ( 3ည / 4 ရက်)
- Dec 24 - 27 ( 3ည / 4 ရက်)
ဘာလီ ခရီးစဉ် - Oct 4 - 8 ( 4ည / 5 ရက်) , Dec 24 - 28 ( 4ည / 5 ရက်)
စင်ကာပူ-မလေးရှားခရီးစဉ်- Oct 4 - 11 ( 7ည / 8 ရက်) , Dec 24 - 31 ( 7ည / 8 ရက်)

SEPTEMBER 15 ရက်မတိုင်မီ စာရင်းသွင်းခြင်းဖြင့် အဆင့်မြင့်၍ ဈေးနှုန်းချိုသာသောခရီးစဉ်များကိုလိုက်ပါရင်း အမှတ်တရလက်ဆောင်များ ရယူနိုင်ပါပြီ။
အမှတ် (၁၀)၊မြေညီထပ်၊၁၃၂လမ်း၊တာမွေမြို့။ ဖုန်း- ၀၉ ၅၀၇ ၉၉ ၃၃ ၊ ၀၉ ၅၁၇ ၉၉ ၃၃ ၊ ၀၉ ၇၃၁၁ ၉၉ ၃၃

ရန်ကုန်တိုင်းမ်
အတွဲ(၁၀)၊ အမှတ်(၃၅) THE YANGON TIMES အပတ်စဉ်ဂျာနယ်
(Cover Story) ပွက်လောညံနေတဲ့ အလှမယ်ရွေးပွဲ
စံချိန်မီ စည်းကမ်းတကျ ဖြစ်သင့်ပြီ
"၁၅ရက်ကျော်ခရီးတစ်ခုကို ဒေါ်လာ ၃၇၀၀၀လောက်ရကြတော့ တော်ရုံ စာရိတ္တမခိုင်တဲ့ ချောမောလှပတဲ့ မယ်တွေအတွက် Social Escort လုပ်ငန်းဟာ အန္တရာယ်စက်ကွင်းတစ်ခုပါပဲ"
အောင်ကျော်ဆန်း
ဘယ်သူပြိုင်လို့ လှပါတော့နိုင် (အခန်းဆက်ဝတ္ထု)
ကြာသပတေးနေ့တိုင်း ထွက်ပြီ
➧ ပီအာရ်ကန့်ကွက်လက်မှတ်များ လွှတ်တော်တင်မည်
➧ ချစ်လျှင် ဘုပျောက် မချစ်လျှင် ဘုပေါ်
➧ ကြားဖြတ်ရွေးကောက်ပွဲမလုပ်တာ ဘယ်သူ့အတွက်လဲ
➧ ပီအာရ် ကျင့်သုံး/မသုံး ကော်မရှင်နှင့်မဆိုင်ဟုဆို
➧ ပွက်ပွက်ညံနေတဲ့ ပါတီပွဲ
➧ စစ်ပွဲများရပ်တန့်ရေး တပ်မတော်နှင့်ကေအိုင်အေဆွေးနွေး
➧ မွန်ကရင်ခေါင်းစဉ်တပ်ပြီး ကန့်သတ်ကုန်များတင်သွင်းနေမယ်စဲတွင် နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်မည်
➧ မြေနီကုန်းခုံးကျော်ကြောင့် သုံးလခန့် ယာဉ်ကြောပိတ်မည်
➧ နိုင်ငံတကာရေးရာနှင့် ပြည်တွင်းရေးရာသတင်းများ
ဖြန့်ချိရေး(Hot Line)
၀၉ ၇၃၀၈၀၀၈၁၄

ပြည်သူ့ခေတ်
အတွဲ ၅၊ အမှတ် ၂၁၃
ခြစားမှုတွေကို စစ်ဆေး အရေးမယူလျှင်
● ပြည်ထောင်စုသား အားလုံး၏ လိုလားချက်များစွာကို မည်သို့ညှိနှိုင်း အဖြေရှာမည်လဲ
● သမိုင်း အချိုးအကွေ့ကို ဖြတ်သန်းမည့် မရေမရာ ခြေလှမ်းများ
● ဒီမိုကရေစီ အောင်မြင်ရေးဟာ တိုင်းရင်းသား အားလုံးရဲ့ပထမ ဦးစားပေး တာဝန်
● ပြည်ထောင်စု ငြိမ်းချမ်းရေး ပလား ● စက်တင်ဘာ ကဗျာ
● ဖုံးကွယ်လို့ မရတဲ့ ပြည်သူ့ ဆန္ဒ အစစ်အမှန်
● ဗိုလ်အုန်းသီး စီ။ ကြက်ဆင်ထီး ဆောင်းပြီး ရန်ကုန်တက္ကသိုလ် သွားမည်
● မြင်မယ်၊ ကြားမယ် ပညာရေးရယ် ● ၄၃၆ ပြီးရင် ......
ထွက်ပြီ

# အာဆင်နယ်တိုက်စစ်မှာ အမြန်ဆုံးတိုက်စစ်ဖြစ်ကြောင်း ဝဲလ်ကော့ပြောကြား

## ဆန်းချက်ဇ်နှင့် ဝဲလ်ဘက်အတွဲဖြင့် ပရီမီယာလိဂ်ဖလား ရယူရန် အာဆင်နယ်အသင့်ရှိနေ




**အာဆင်နယ်အသင်းသို့ အလက်ဇစ်ဆန်းချက်ဇ်နှင့် ဝဲလ်ဘက်တို့ ရောက်ရှိလာခဲ့ပြီးနောက် အာဆင်နယ်တိုက်စစ်သည် ပရီမီယာလိဂ်တွင် အမြန်ဆုံး တိုက်စစ်ဖြစ်လာကြောင်းနှင့် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလားရယူရန် အသင့်ရှိနေပြီဖြစ်ကြောင်း အာဆင်နယ်တောင်ပံကစားသမား သီယို ဝဲလ်ကော့က ပြောကြားခဲ့သည်။**

ယခုနှစ် နွေရာသီအပြောင်းအရွှေ့တွင် ခေါ်ယူခဲ့သည့် ချီလီကွင်းလယ်ကစားသမား အလက်ဇစ်ဆန်းချက်ဇ်သည် အာဆင်နယ်အသင်းနှင့် အမြန်ဆုံးအထိုင်ကျလာသည့် ကစားသမားဖြစ်သည့်အပြင် အပြောင်းအရွှေ့ရာသီ ပိတ်ရက်တွင် မန်ယူအသင်းမှ ပြောင်းရွှေ့လာခဲ့သည့် တိုက်စစ်မှူးဝဲလ်ဘက်သည်လည်း ဆန်းချက်ဇ်နှင့် အာဆင်နယ်တိုက်စစ်တွင် အကောင်းဆုံးတွဲဖက်ကစားနိုင်သည့် ကစားသမားဖြစ်လာခဲ့သည်ကို သုံးသပ်ကာ ဝဲလ်ကော့ အနေဖြင့် ပရီမီယာလိဂ်တွင် အမြန်ဆုံးတိုက်စစ်ဟု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးဝဲလ်ဘက်သည် အင်္ဂလန်အသင်းနှင့် ပွဲထွက်ကစားခဲ့သော ယူရို ၂၀၁၆ ဝင်ခွင့်အတွက် ယှဉ်ပြိုင်ခဲ့သည့် ဆွစ်ဇာလန်အသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး အာဆင်နယ်အသင်းတွင်လည်း အနိုင်ဂိုးများ သွင်းယူပေးမည့် ကစားသမားဖြစ်ကြောင်းလည်း ဝဲလ်ကော့ကဆိုသည်။ တောင်ပံကစားသမား ဝဲလ်ကော့သည် ဇန်နဝါရီ ၄ ရက်က စပါးအသင်းနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် ဒူးဒဏ်ရာပြဿနာကြုံထားခြင်းကြောင့် ကိုးလကြာအနားယူခဲ့ရပြီး လက်ရှိတွင် ဒဏ်ရာပြန်လည်သက်သာလာပြီဖြစ်၍ အာဆင်နယ်အသင်းနှင့် ပွဲထွက်ကစားလာနိုင်တော့မည်ဖြစ်သည်။ ထို့ကြောင့် ဝဲလ်ကော့အနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်း ပရီမီယာလိဂ်ဖလား ရယူမည်ဟု သန္နိဋ္ဌာန်ချထားခဲ့ခြင်း ဖြစ်သည်။

[ငွေကြယ်]

# ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် လီဗာပူးနောက်ခံလူ ဂလင်းဂျွန်ဆင်အား ခေါ်ယူရန် ဂျူဗင်တပ်စီစဉ်




အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အသင်း၏ ခံစစ်ကိုအားဖြည့်ရန်အတွက် လီဗာပူးအသင်း၏ အင်္ဂလန်နောက်ခံလူ ဂလင်းဂျွန်ဆင်အားခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။ ဂလင်းဂျွန်ဆင်မှာ ယခုနှစ်အကုန်တွင် လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ဂျူဗင်တပ်အသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည့်အနေအထားကြောင့် ပစ်မှတ်ထားစောင့်ကြည့်နေခြင်း ဖြစ်သည်။ ထို့ပြင် ဂလင်းဂျွန်ဆင်မှာလည်း လီဗာပူးအသင်းတွင် မပျော်မရွှင်ဖြစ်နေပြီး အသင်းတာဝန်ရှိသူများနှင့် စာချုပ်သစ်ကိစ္စဆွေးနွေးရန်အဆင်မပြေ ဖြစ်နေသဖြင့် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေကြောင်း ဗြိတိန်သတင်းစာ Daily Mail ကဖော်ပြခဲ့သည်။ သို့သော် ၎င်းမှာ လီဗာပူးအသင်းတွင်တစ်ပတ် လုပ်ခပေါင် ၆၀၀၀၀ ခန့်ရရှိနေသူဖြစ်ပြီး ဂျူဗင်တပ်အသင်းက ယင်းပမာဏအား ပေးချေရန်ဆန္ဒမရှိသဖြင့် အပြောင်းအရွှေ့ကိစ္စမှာ အနည်းငယ်ကြန့်ကြာဖွယ်ရှိနေကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။ ဂျူဗင်တပ်အသင်းမှာ ဂလင်းဂျွန်ဆင်အား လာမည့်ဇန်နဝါရီကာလအတွင်း မဖြစ်မနေခေါ်ယူသွားရန်ဆန္ဒရှိနေပြီး လက်ရှိအချိန်တွင် ၎င်း၏ အေးဂျင့်ဖြစ်သူနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း သိရသည်

[ကိုရဲ]

*၂၀၁၄-၂၀၁၅ ချန်ပီယံလိဂ် Play -Off ခြေစစ်ပွဲများအပြီးတွင် အုပ်စုအဆင့်၌ ထိပ်တိုက်ယှဉ်ပြိုင်ရမည့် အသင်းများကို မဲခွဲဆုံးဖြတ်ခဲ့သည်။ အုပ်စုအဆင့် ယှဉ်ပြိုင်ခွင့်ရသည့် ၃၂ သင်းကို လေးသင်းစီပါဝင်သည့် အုပ်စု ရှစ်ခုခွဲဝေသတ်မှတ်ခဲ့ပြီးဖြစ်သည်။*

# ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုများကို သုံးသပ်ကြည့်ခြင်း

ဝင်းထွဋ်ဦး

ကျပ်သည့်အုပ်စုတွင်ကျရောက်ခဲ့သည့် အသင်းများရှိခဲ့သလို အသင်းငယ်လေးများပါဝင်သည့် အုပ်စုတွင်ပါဝင်ခွင့်ရသော ထိပ်တန်းအသင်းကြီးများလည်းရှိသည်ကို တွေ့ရသည်။ နှစ်စဉ်အသင်းကြီးများ ထိပ်တိုက်တွေ့ဆုံသည့် အကျပ်ဆုံး(မရဏ)အုပ်စု ထွက်ပေါ်လေ့ရှိရာ ယခုနှစ်တွင်လည်း ဘိုင်ယန်မြူးနစ်၊ မန်စီးတီး၊ ရိုးမားနှင့် CSKA မော်စကိုတို့ပါဝင်သော အုပ်စု(E) သည် မရဏအုပ်စုအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။ အုပ်စုချောင်သည်ဖြစ်စေ၊ အကျပ်ဆုံးအုပ်စုတွင် ကျရောက်သည်ဖြစ်စေ အုပ်စုအဆင့်ဝင်ပြိုင်ခွင့်ရသည့်အသင်းတိုင်း အုပ်စုအဆင့်ကို ကျော်ဖြတ်ပြီး အနိမ့်ဆုံး ၁၆ သင်း ရှုံးထွက် အဆင့်ရောက်အောင် အားကုန်ထုတ်ယှဉ်ပြိုင်ကြမည်မှာ သေချာနေသည်။ အုပ်စုပထမနှင့် ဒုတိယနှစ်သင်း နောက်တစ်ဆင့်တက်ခွင့်ရမည့် အုပ်စုတွင်းအားပြိုင်ပွဲများမှာ ထိပ်တန်းအသင်းကြီးများ အသာရမလား၊ အလယ်အလတ် အသင်းများနှင့် ခြေစစ်ပွဲအဆင့်ဆင့် ကျော်ဖြတ်လာသော အသင်းငယ်လေးများ ရလဒ်ကောင်းမလားဆိုသည်မှာ စိတ်ဝင်စားစရာဖြစ်နေပါသည်။

စပိန်ကလပ်အက်သလက်တီကို၊ စီးရီးအေအသင်းဂျူဗင်တပ်၊ ဂရိကလပ်အသင်း၊ အိုလံပီယာကို့စ်အသင်းနှင့် ဆွီဒင်ကလပ် မယ်လ်မိုတို့ပါဝင်သည့် အုပ်စု (A) တွင် စပိန်လာလီဂါချန်ပီယံ အက်သလက်တီကို (ချန်ပီယံလိဂ် ဒုတိယ) နှင့် စီးရီးအေချန်ပီယံဂျူဗင်တပ်တို့ နောက်တစ်ဆင့်တက်ရန် အခွင့်အလမ်းသာနေသည်။ ဂရိချန်ပီယံ အိုလံပီယာကို့စ်သည် ပြိုင်ပွဲအတွေ့အကြုံရှိအသင်းဖြစ်သလိုပြီးခဲ့သည့်ရာသီက ၁၆ သင်းရှုံးထွက်အဆင့်ကို တက်ရောက်ကစားခဲ့သည့် အသင်းဖြစ်နေသဖြင့် ယခုနှစ်တွင်လည်း အုပ်စုအဆင့်ကို မကျော်နိုင်ဟု ယတိပြတ်ပြော၍မရဖြစ်နေသည်။ ဆွီဒင်ကလပ်မယ်လ်မိုမှာ နောက်တစ်ဆင့်တက်နိုင်ရေး ခက်ခက်ခဲခဲကြိုးစား ရဖွယ်ရှိသည်။

အုပ်စု (B)တွင် လက်ရှိချန်ပီယံလိဂ်ချန်ပီယံ ရီးယဲလ်မက်ဒရစ်၊ အင်္ဂလန်ကလပ် လီဗာပူး၊ ဆွစ်ဇာလန် ချန်ပီယံဘေဆဲလ်၊ ဘူလ်ဂေးရီးယားကလပ် လူဒိုဂိုရက်စ်တို့ ပါဝင်နေသည်။ ရီးယဲလ်မက်ဒရစ်နှင့် လီဗာပူးတို့ ဆွစ်ဇာလန် ချန်ပီယံဘေဆယ်လ်ကို အကောင်းဆုံးပုံစံနှင့် ကျော်ဖြတ်ပြနိုင်ဖို့သာလိုအပ်ပါသည်။ အနိုင်ရလဒ်ရယူနိုင်သည့်အသင်း နောက်တစ်ဆင့်တက်ခွင့်ရရန် ရာနှုန်းများသွားပေလိမ့်မည်။ ဘူဂေးရီးယားကလပ် လူဒိုဂိုရက်အနေဖြင့် နောက်တစ်ဆင့် တက်ရေးအတွက် ကြိုးစားရပေလိမ့်မည်။ ရီးယဲလ်နှင့် လီဗာပူးတို့ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်လိမ့်မည်ဟု သုံးသပ်မိသည်။

အုပ်စု(C) တွင် ဘင်ဖီကာ၊ ဇင်းနစ်၊ လေဗာကူဆင်နှင့် မိုနာကိုတို့အတူကျရောက်နေသည်။ ဥရောပပြိုင်ပွဲအတွေ့အကြုံရှိသည့် အသင်းများဖြစ်နေ၍ နောက်တစ်ဆင့်တက်ခွင့်ရရေး အမှားမခံစတမ်းယှဉ်ပြိုင်ကြပေလိမ့်မည်။ ခြေစွမ်းချင်း ကွာဟချက်သိပ်မရှိလှသည့် အသင်းများ၏ ပြိုင်ဆိုင်မှုမှာ အပြင်းထန်ဆုံးဖြစ်လာနိုင်သည်။ ပြီးခဲ့သည့် ရာသီက ၁၆ သင်းရှုံးထွက်အဆင့်တက်နိုင်ခဲ့သည့် လေဗာကူဆင်အသင်းမှာ လက်ရှိ ပြည်တွင်းလိဂ်တွင် ခြေစွမ်းပြပြီး ရလဒ်ကောင်းရနေ၍ ယခုနှစ်တွင်လည်း အုပ်စုမှ ကျော်ဖြတ်နိုင်သည့် အနေအထားတွင်ရှိနေသည်။ ဘင်ဖီကာ၊ ဇင်းနစ်နှင့် လေဗာကူဆင်တို့ သုံးသင်းအနက် အမှားနည်းသည့်အသင်း နောက်တစ်ဆင့်တက်လှမ်းနိုင်ဖွယ် ရှိနေပြီး မိုနာကိုမှာ လက်ရှိခြေစွမ်းအရဆိုလျှင် အုပ်စုအဆင့်နှင့်သာ ကျေနပ်ရပေလိမ့်မည်။

ဆက်လက်ဖော်ပြပါမည် »

ခမ်းနားလှပသော အားလပ်ရက်များကို အသက်သာဆုံးဈေးနှုန်းများဖြင့် စတင်လိုက်ကြပါစို့
စက်တင်ဘာ (၁၂) ရက်နှင့်(၁၃)ရက် (၂)ရက်တည်းသာ ကျင်းပမည့် လက်မှတ်အရောင်းပွဲတွင်သာ ဝယ်ယူရရှိနိုင်မည်ဖြစ်ပါသည်။

နေ့ရက် - ၁၂-၁၃ စက်တင်ဘာလ ၂၀၁၄
အချိန် - နံနက် ၉ နာရီ မှ ညနေ ၅ နာရီ
နေရာ - Park Royal Hotel (Yadanar Ballroom 1&2)

Columbus TRAVELS & TOURS
Table No.4

လေယာဉ်လက်မှတ်ဝယ်ယူသူများကို Columbus Coffee Mug များမေတ္တာလက်ဆောင်ပေးပါမည်။



Special gift

SINGAPORE from USD 169 RETURN
BALI | MANILA HO CHI MINH CITY from USD 569 RETURN
BANGALORE KOCHI | MALDIVES from USD 808 RETURN
BRISBANE MELBOURNE | SYDNEY from USD 1088 RETURN
FRANKFURT MUNICH | PARIS from USD 1160 RETURN

ခရီးသွားနိုင်မည့်ရက် ၂၀၁၄ စက်တင်ဘာလ (၁၅)ရက် မှ ၂၀၁၅ မတ်လ (၃၁)ရက် နေ့အထိ၊ KrisFlyer မိုင်၃၀% အပိုခံစားခွင့်၊ ကီလို၃၀ သယ်ဆောင်ခွင့်နှင့်အတူ အသက်သာဆုံးသောဈေးနှုန်းများရရှိပါမည်။ လက်မှတ်ဝယ်သူတိုင်းအတွက် လက်ဆောင်ပစ္စည်းများနှင့်အတူ စင်္ကာပူလက်မှတ်များကိုလည်း ကံစမ်းပေးမည်။

Columbus TRAVELS T: 229245, 216245, 378535, 378549

UNIQUE UNIQUE STAR TRAVELS & TOURS
Promotion (၃) ဦးဝယ်လျှင် + (၁) ဦး 70% OFF

| | | |
|---|---|---|
| တောင်ကြီး၊အင်းလေး၊ကလော | Oct: 3, 8/ Nov: 1,2,3 | (210,000) |
| ပုဂံ(စွယ်တော်လေးဆူ)၊ပုပ္ပါး၊ပခုက္ကူ | Oct: 7 | (200,000) |
| ပုဂံ–မန္တလေး၊ ပြင်ဦးလွင် | Oct: 7/ Nov: 2 | (210,000) |
| မန္တလေး၊စစ်ကိုင်း၊ပြင်ဦးလွင် | Oct: 7/ Nov: 2 | (210,000) |
| ထားဝယ်(ရှင်ကိုးရှင်)၊ ကန်ချနာဘူရီ | Nov: 1 | (295,000) |

ချောင်းသာ Daily (Hotel Max) (75,000) / ငွေဆောင် / ငပလီ Daily (Merciel Resort) (280,000)
No.(70/A), Kabaaye Pagoda Rd, Bahan Tsp, Yangon. Ph: 860 4964, 860 4965, 860 4966. 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166, 09514 8079

Maple Parenting Club
ဖိတ်ကြားလွှာ
(ဒုတိယအကြိမ်)
ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲ
ကလေးငယ်များ၏ ဖွံ့ဖြိုးမှုလိုအပ်ချက်များနှင့် မိဘများ၏ဆန္ဒ
by
ဒေါက်တာသိန်းလွင် (ပညာရေး စိတ်ပညာပါရဂူကြီး)
ပတ်ဝန်းကျင်ဝယ် ကလေးငယ် စိတ်လှုပ်ရှားမှု ထိန်းသိမ်းမယ်
by
ဒေါက်တာယုဇနစောမြင့် (ကလေးအထူးကုဆရာဝန်ကြီး)
Date : 21.9.2014 (Sunday)
Time : 1: 00 - 5:00 PM
Place : MICT Park (Conference Hall)
Main Sponsor Dumex Nutrition from the heart
Co-Sponsors Mega 3 Hepto Pep
Organised by GETC
Free Registration @ GETC 01-530097, 01-502775, 01-537895, 01-549590

ပြည်တွင်းရေးရာ

# ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး မြောင်းမြအကျဉ်းထောင်နှင့် မြို့မရဲစခန်းစစ်ဆေး

**မြောင်းမြ စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်သိန်းသိန်းညွန့်သည် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်အေးအေးခိုင်နှင့် မြောင်းမြခရိုင်တရားသူကြီး ဒေါ်နော်အက်ဂနက်(စ်)တို့ လိုက်ပါလျက် စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် မြောင်းမြအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ထောင်မှူး ဦးခင်မောင်ဝင်းက အကျဉ်းသား အကျဉ်းသူများအား နေရာထိုင်ခင်း သက်သာချောင်ချိစေရန်နှင့် သန့်ရှင်းစွာထားရှိမှု၊ စားသောက်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှု၊ ကျန်းမာရေးစောင့်ရှောက်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးတရားသူကြီးက အကျဉ်းကျခံနေရသော အကျဉ်းသားများနှင့်အချုပ်တရားခံများအား နှိပ်စက်ညှဉ်းပန်းမှု၊ မတရားပြုမှု ရှိ၊ မရှိ၊ ဥပဒေပါ အခွင့်အရေးများရရှိခြင်း ရှိ၊ မရှိ တို့နှင့်စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးမေးမြန်းကာ အကျဉ်းထောင်လက်စွဲနှင့်အညီ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးသည် မြောင်းမြ(မြို့မ)ရဲစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီးနောက် မြောင်းမြခရိုင်တရားရုံးတွင် ခရိုင်နှင့် ခရိုင်အတွင်းရှိ မြောင်းမြ၊ ဝါးခယ်မ၊ အိမ်မဲ မြို့နယ်တရားသူကြီးများနှင့်တွေ့ဆုံ၍ အမှုများ မြန်ဆန်ထိရောက်စွာ ပြီးပြတ်စေရေး၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စီရင်ဆုံးဖြတ်ရေး၊ တရားရုံးဂုဏ်သိက္ခာ ထိန်းသိမ်းရေးတို့ကို မှာကြားပြီးနောက် မြောင်းမြခရိုင်တရားရုံးနှင့် မြောင်းမြမြို့နယ်တရားရုံးတို့ကို စစ်ဆေးခဲ့ကြောင်းသိရသည်။

(ဝ၃၃)

# မေထုန်မဲ့သားစပ်နည်း သင်တန်းဖွင့်

**မုံရွာ စက်တင်ဘာ ၁၀**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျေးလက်ဒေသနွားများ မျိုးမြှင့်တင်ရန်နှင့် နွားမွေးမြူရေးတိုးတက်စေရန် မေထုန်မဲ့သားစပ်နည်းသင်တန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ထောက်ပံ့မှုဖြင့် မုံရွာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ စက်တင်ဘာ ၉ ရက်တွင် ကျင်းပသည်။

သင်တန်းတွင် တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာမောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါက်တာအိအိအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ပို့ချမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားကာ ကျေးရွာများမှ သင်တန်းသား ၂၀ တက်ရောက်ကြပြီး ငါးရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**နေလင်းအောင်(မုံရွာ)**

# ဆိုင်ကယ်ကယ်ရီများ သတ်မှတ်စည်းကမ်းများနှင့်အညီ ပြေးဆွဲရေး ပူးပေါင်းအဖွဲ့စစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၀**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ပြေးဆွဲလျက်ရှိသည့် ဆိုင်ကယ်ကယ်ရီများ သတ်မှတ်ဆိုင်ကယ်ကယ်ရီဂိတ်နေရာများတွင်သာ သတ်မှတ်စည်းကမ်းများနှင့်အညီ ဂိတ်ထိုးပြေးဆွဲရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ရေးကို သက်ဆိုင်ရာ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီများက ပူးပေါင်းစစ်ဆေး၍ ပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)




# ၂၀၁၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆရာ ဆရာမများ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်

**နေပြည်တော် စက်တင်ဘာ ၁၀**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ဟူ၍ အဆင့်လေးဆင့်ခွဲကာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကို တက္ကသိုလ်ကောလိပ်များမှ ဆရာ ဆရာမများနှင့် အငြိမ်းစား ဆရာ ဆရာမများသည် အဆင့်မြင့်ပညာအဆင့်တွင်လည်းကောင်း၊ မြို့နယ်ပညာရေးမှူးနှင့် အထက်အဆင့်ရှိ အရာထမ်းများ၊ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများနှင့် အထက်တန်းပြများသည် အခြေခံပညာအထက်တန်းအဆင့်တွင်လည်းကောင်း၊ အခြေခံပညာအလယ်တန်း ကျောင်းအုပ်များနှင့် အလယ်တန်းပြများသည် အခြေခံပညာအလယ်တန်းအဆင့်တွင်လည်းကောင်း၊ မူလတန်းကျောင်းအုပ်များနှင့် မူလတန်းပြများသည် အခြေခံပညာမူလတန်းအဆင့်တွင်လည်းကောင်း၊ အငြိမ်းစား ဆရာ ဆရာမများသည် သက်ဆိုင်ရာအဆင့်တွင်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ဆောင်းပါးခေါင်းစဉ်မှာ **"ပညာသည်သာ ရတနာ၊ ဆရာသည်သာ အခရာ"**ဖြစ်ပြီး စာလုံးရေ ၃၀၀၀ မှ ၄၀၀၀ အတွင်း ရေးသားရန်၊ စာမျက်နှာတစ်ဖက်တည်းတွင်သာ ရေးသားရန်၊ စာမျက်နှာ အမှတ်စဉ်တပ်ရန်နှင့် စာမူနှင့်အတူ ရေးသူအမည်၊ ပညာအရည်အချင်း၊ ရာထူး၊ ကျောင်းလိပ်စာနှင့် အိမ်လိပ်စာတို့ကို သီးခြားစာရွက်ဖြင့် ရေးသားပြီး ပူးတွဲဖော်ပြရမည်ဖြစ်သည်။

စာမူနှစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်းဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် ရောင်စုံလိုင်စင်ဓာတ်ပုံ(တစ်လက်မခွဲ×နှစ်လက်မ)သုံးပုံတို့ကို စာအိတ်တွင် လုံခြုံစွာထည့်ပြီး ဦးအောင်ဘသိန်း ကျောင်းအုပ်ကြီး ရန်ကင်းပညာရေးကောလိပ် ရန်ကုန်မြို့သို့ စက်တင်ဘာ ၂၃ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အမည်ပြောင်းခြင်း**

နတ်တလင်းမြို့၊ မြို့မအထက၊ သတ္တမတန်း(A)တွင် ပညာသင်ကြားနေသော ကိုမင်းအောင်-မစန္ဒာသိန်းတို့၏သား မောင်မင်းသွင်ခန့်အား မောင်အောင်ဘုန်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ဘုန်းမြတ်**



# အင်းတော်ကြီးဒေသ၊ ဟိုပင်-နန့်မွန်း-လုံးတုံ ညောင်ပင်ကား လမ်းမကြီး အမာခံကျောက်လမ်းခင်းလျက်ရှိ

**မိုးညှင်း၊ စက်တင်ဘာ ၁၀**

ကျောက်စိမ်းရတနာထွက်ရှိရာ ဆိုင်းတောင်-ဖားကန့်မြို့နယ်များသို့သွားလာရာတွင် လွယ်ကူလျင်မြန်စွာသွားလာနိုင်စေရန် ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ ဟိုပင်-နန့်မွန်း-လုံးတုံ-ညောင်ပင် ဗျူဟာကားလမ်းမကြီး အမာခံကျောက်လမ်းခင်းခြင်း ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပထမအကြိမ် ကျောက်ချောအမာခံခင်းခြင်းကို ကျောက်သား ၈ လက်မ၊ မြေသား ၄ လက်မ၊ အကျယ် ၁၅ ပေဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အမာခံကျောက်သားခင်းခြင်း လုပ်ဆောင်ပြီးစီးပါက ဆက်လက်၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဟိုပင်-နန့်မွန်း-လုံးတုံ-ညောင်ပင်သို့သွားရာ ဟိုပင်မှ နန့်မွန်းတောင်ခြေထိ အမာခံကျောက်ခင်းခြင်းလုပ်ငန်းကို ယခုအခါ ဆောင်ရွက်ပြီး ဖြစ်သည်။ တောင်ပတ်လမ်း အမာခံကျောက်သားခင်းခြင်းလုပ်ငန်းကို မိုင်တိုင်အမှတ် ၁၂၂ မှ ၁၄၄ ထိကို လမ်းအင်ဂျင်နီယာ ဒေါ်ဖြူဖြူဝင်းနှင့်အဖွဲ့ကလည်းကောင်း၊ နန့်မွန်းတောင်ခြေ မိုင်တိုင် အမှတ် ၁၄၀ မှ ၁၆၀ အထိ လမ်းအရှည်နှစ်မိုင်ကို ပြည်သူ့ဆောက်လုပ်ရေးအဖွဲ့ တာဝန်ခံ SAE ဒေါ်ရီရီမြင့်နှင့်အဖွဲ့ကလည်းကောင်း၊ မိုင်တိုင်အမှတ် ၁၆၀ မှ ၁၈၀ အထိကို Green Mark Co. Ltd မှ တာဝန်ခံ ဦးလှမျိုးထွန်းနှင့် အဖွဲ့ကလည်းကောင်း၊ အလားတူ ဟိုပင်မှ ညောင်ပင်အထိ ကားလမ်းမိုင် ၄၀ ကို လမ်းအထူးအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီများက အသီးသီးတာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးသွားပါက ကချင်ပြည်နယ်ရှိ ကျောက်စိမ်းရတနာထွက်ရှိရာ ဆိုင်းတောင်၊ တာမခံ၊ ဖားကန့်မြို့နယ်ဒေသများဆီသို့ ရာသီမရွေး၊ လွယ်ကူချောမွေ့စွာဖြင့် သွားလာနိုင်တော့မည်ဖြစ်ကြောင်း ဒေသခံများက ပြောသည်။

ယခုအခါ နိုင်ငံတော်အစိုးရမှ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအတွက် ကားလမ်းမကြီးများ အထူးကောင်းမွန်နိုင်ရန် လမ်း၊ တံတား အထူးဆောက်လုပ်ရေးအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီများမှ တာဝန်ယူတည်ဆောက်မှုကြောင့် အဆင့်မြင့်ကတ္တရာလမ်းများ ဖြစ်ထွန်းလာတော့မည်ဖြစ်သည်။

အထူးသဖြင့် ကချင်ပြည်နယ်၏ အချက်အချာကျသောလမ်းပိုင်းများဖြစ်သည့် ကျောက်စိမ်းရတနာထွက်ရှိရာ ဆိုင်းတောင်၊ ဖားကန့်မြို့နယ်များသို့ အဆင့်မြင့်ကားလမ်းမကြီးများ စတင်ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။ **(၀၅၈)**

# ကျွန်းလှ၌ မြေအောက်ရေရရှိရေးအတွက် ရေတွင်းအငှားလိုက်တူးသူများ အလုပ်အကိုင်အဆင်ပြေ



**ကျွန်းလှ၊ စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ မြေအောက်ရေရရှိရေးအတွက် ရေတွင်းအငှားလိုက်တူးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရေတွင်းတူးပစ္စည်းများဖြစ်သည့် တူးပိုက်၊ ခတ်ပုံး၊ စက်သီး၊ ထောင်းကြိုးတို့ကို ငွေကျပ်တစ်သိန်းခွဲ အကုန်ကျခံ၍ တည်ထောင်ထားကြောင်း၊ အိမ်တစ်အိမ်လျှင် ရေရရှိသည်အထိ တစ်ပေလျှင် ငွေကျပ် ၇၀၀၊ ၈၀၀ ဖြင့် တူးပေးကြောင်း၊ ရေတွင်းတစ်တွင်းကို တူးသူသုံးဦးဖြင့် ပေ ၉၀၊ ပေ ၁၀၀ ကို နှစ်ရက်တူးရပြီး ငွေကျပ် ၈၀၀၀၀ ရရှိကြောင်း ရေတွင်းတူးသူတစ်ဦးက ပြောသည်။

"ကျွန်တော့အိမ်မှာ ပေတစ်ရာတူးပါတယ်အဲဒီလိုတူးရင် တူးခ၊ ပိုက်ဖိုး၊ မော်တာဖိုး ငွေကျပ်တစ်သိန်းခွဲကုန်ကျပါတယ်။ ရေထွက်အားပိုကောင်းချင်ရင်တော့ ကွန်ပရက်ဆာပါတပ်ဆင်ရပါတယ်။ အဲဒါဆိုရင်တော့ ငွေကျပ်ခြောက်သိန်းကျော်လောက် ကုန်ကျပါတယ်"ဟု ရေတွင်းတူးနေသည့်အိမ်ရှင်တစ်ဦးက ပြောသည်။

**မျိုးဝင်းညို**

# စစ်ကိုင်းတွင်အခြေခံငါးမွေးမြူရေးသင်တန်း ဖွင့်လှစ်

**စစ်ကိုင်း၊ စက်တင်ဘာ ၁၀**

မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အခြေခံငါးမွေးမြူရေးသင်တန်း အမှတ်စဉ် (၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို အထက်မြန်မာပြည် ငါးလုပ်ငန်းသင်တန်းကျောင်း (စစ်ကိုင်း) သင်တန်းခန်းမ၌ စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းလင်းက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများမှ တစ်ဦးချင်း မိတ်ဆက်သည်။

သင်တန်းသို့ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တပ်ရင်းတပ်ဖွဲ့များမှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ စက်တင်ဘာ ၈ ရက်မှ ၁၉ ရက်ထိဖြစ်ကြောင်း သိရသည်။ သင်တန်းတွင် ငါးကန်မြေနေရာရွေးချယ်ခြင်း၊ စီးပွားဖြစ်ငါးမျိုးများမွေးမြူခြင်း၊ ငါးသားဖောက်ခြင်းများကို သင်ကြားပေးမည်ဖြစ်သည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**

# ဇမ္ဗူသီရိမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော်၊ စက်တင်ဘာ ၁၀**

ဇမ္ဗူသီရိမြို့နယ် မီးသတ်တပ်ဖွဲ့မှ ကြီးမှူးဖွင့်လှစ်ခဲ့သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ဇမ္ဗူသီရိခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ် မီးတပ်တပ်ဖွဲ့မှ ကြီးမှူးဖွင့်လှစ်ခဲ့သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ ခရိုင်မီးသတ်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသားများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အရန်မီးသတ်တပ်ဖွဲ့ဝင်များအနေနှင့် အခြေခံမီးသတ်ပညာရပ်များကျွမ်းကျင်ပြီး အရည်အသွေးတိုးတက်ပြည့်ဝစေရေး၊ ခေတ်မီမီးသတ်ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုတတ်စေရေးတို့ကိုရည်ရွယ်၍ အဆိုပါသင်တန်းအား ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အရန်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်၏ အရန်အင်အားအဖြစ် လိုအပ်သည့် အချိန်တွင် နိုင်ငံတော်ကာကွယ်ရေးအတွက် ပူးပေါင်း ဆောင်ရွက်နိုင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ ဖြစ်လာစေရေး ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်း မံ) သင်တန်းသည် စက်တင်ဘာ ၈ ရက်မှ အောက်တိုဘာ ၃ ရက်အထိတစ်လခန့်ကြာမြင့်မည်ဖြစ်ပြီးအရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ ဖြင့် ဇမ္ဗူသီရိမြို့နယ်အမှတ် (၇) မီးသတ်တပ်ဖွဲ့စခန်း နယ်မြေတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် မီးသတ်ဝတ်စုံ (ယူနီဖောင်း) ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းသိရသည်။ **သန့်မောင်(PSY)**


## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ ဒသမတန်း ($D_1$)မှ မောင်မျိုးဂျက်၏ မိဘအမည်မှန်မှာ ဦးလနန်ဂမ်အောင်[၁/မကတ(နိုင်)၀၈၃၂၆၅] နှင့် ဒေါ်ခေါန်နန်[၁/မကတ(နိုင်)၀၄၃၂၁၈] ဖြစ်ပါသည်။

## မိခင်အမည်မှန်

ဝိုင်းမော်မြို့၊ အထက (၂)၊ ဒသမတန်း ($A_7$)မှ မသီသီမေ၏ မိခင်အမည်မှန်မှာ ဒေါ်ဝမ်လန်ဖိန်း [၁/ဝမန(နိုင်)၀၃၇၇၃၇၄] ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ အထက (၂)၊ ဒသမတန်း (E)မှ မောင်လနူး၏ ဖခင်အမည်မှန်မှာ ဦးဂျာနော်(ခ) ဦးဒေါင်လွမ်းဖြစ်ပါသည်။

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ အထက(စီတာပူ)၊ နဝမတန်း(C)မှ မခါးအိန်၏ ဖခင်အမည်မှန်မှာ ဦးအင်ဒုန်ဂွမ်ဂျာဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ (၁၂-၁၁-၁၉၉၉) ဖြစ်ပါသည်။

## အမည်မှန်

လှည်းကူးမြို့၊ အထက ရဲမွန် သတ္တမတန်း (A)မှ မောင်သက်ပိုင်ထူး၏အမည်မှန်မှာ မောင်သက်ပိုင်ထွန်း ဖြစ်ပါကြောင်းနှင့် မောင်သက်ပိုင်ထွန်း၏ မိဘအမည်မှန်မှာ ဦးမိုးကြည်[၁၂/လကန(နိုင်)၀၀၁၈၃၀]နှင့် ဒေါ်နော်စေးဖော[၁၂/လကန(နိုင်)၁၅၈၀၀၀] ဖြစ်ပါကြောင်း။
မိဘ - ဦးမိုးကြည်-ဒေါ်နော်စေးဖော
သား- သက်ပိုင်ထွန်း

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် -၄ဂ/ ၁၈၈၇၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

## ဖခင်အမည်မှန်

အထက(၂)သုံးခွ၊ ဒသမတန်း(B)တွင်ပညာသင်ကြားနေသော မောင်စည်သူလွင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ကျော်[၁၂/သခန(နိုင်)၀၉၀၁၉၉]ဖြစ်ပါကြောင်း။
ဦးမြင့်ကျော်

## အမည်ပြောင်း

အဖ ဦးမြင့်ကျော်၏သား အထက(၂)သုံးခွ၊ ဒသမတန်း(B)တွင် ပညာသင်ကြားနေသော မောင်စည်သူကျော်အား မောင်စည်သူလွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်စည်သူလွင်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)နောက်၊ မြေကွက်အမှတ်(၅၆၈/ခ)၊ မြေကွက်တည်နေရာအမှတ်(၅၆၈/ခ)၊ ဝေဇယန္တာ(၁၁)လမ်း၊ အနောက်(၆)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးတင်ဦး) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးတင်ဦး(ဖခင်)နှင့် ဒေါ်ချိုမာ(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ဦးကျော်စည်သူ[၁၂/သကတ(နိုင်)၁၅၃၄၃၀]၊ ၂။ ဒေါ်သင်ဇာသူ [၁၂/သကတ(နိုင်)၁၉၁၅၉၁]တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဂရန်မူရင်းပယ်ဖျက်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃ D)၊ မြေကွက်အမှတ် (V ၅၇)၊ မြေကွက်တည်နေရာအမှတ်(၂၁)၊ ဆင်စွယ်လမ်း၊ စော/မြောက်ရပ်ကွက်၊ အလုံမြို့နယ်၊ မအေးစိန် အမည်ပေါက် နှစ် (၉၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်အေးစိန်[၁၂/အလန(နိုင်)၀၃၃၅၇၅]မှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၄၄၆/၁၅-၈-၁၃ ဖြင့် ဒေါ်သန်းသန်းထွေး[၁၂/အလန(နိုင်)၀၃၅၀၉၇]အားလွှဲအပ်၍ ဂရန်မိတ္တူလျှောက်ထားရာတွင် (၁၆/၂၀/၂၅-၄-၁၄)တွင် သီးခြားသတင်းစာ ကြော်ငြာခဲ့သော်လည်း ကန့်ကွက်သူမပေါ်ပေါက်ပါသဖြင့် ယင်းမြေ၏ (၂၃-၃-၁၉၃၉)တွင် ထုတ်ပေးခဲ့သော နှစ်(၉၀)ဂရန်မူရင်းအားပယ်ဖျက်ကြောင်း ကြော်ငြာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(ဂ၆)၊မြေကွက်အမှတ် (၁၅၀)၊ မြေကွက်တည်နေရာအမှတ်(၁၅၀)၊ (ဂ၆)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (ဦးကြီးမြင့် (ခ)ဦးအောင်) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအားအမည်ပေါက်(ဦးကြီးမြင့်(ခ)ဦးအောင်) ကွယ်လွန်သဖြင့်ဇနီးဖြစ်သူဒေါ် ညွန့်တင်(၁၂/ရပသ(နိုင်)၀၀၀၉၂၂)က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၉၆၈၂ (၂၂-၇-၂၀၁၄) ဖြင့်ပါဝါရရှိသူ ဦးစိုးဝင်း(၁၁/မအန (နိုင်) ၀၂၉၂၅၇)ကအမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၉၄၃)၊ မြေကွက်တည်နေရာအမှတ်(၉၄၃)၊ အင်းဝ(၇)လမ်း၊(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ဖခင်(ဦးဖေအေး)၊မိခင်(ဒေါ်ခင်လှ)တို့ကွယ်လွန်သဖြင့် ဒေါ်ဘောဘီ(၁၂/ဥကတ(နိုင်)၀၅၃၀၂၅)ဦးလှလှ(၁၂/ဥကတ(နိုင်)၁၃၂၁၂၆)တို့က သားသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာနှင့်သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် ခွန်လွှတ်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄)၊ မြေကွက်အမှတ် (၁၃၁၇)၊ မြေကွက်တည်နေရာ-အမှတ် (၁၃၁၇)၊ သရဖီလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ဦးတင်အောင် CL-၀၀၈၉၈၇ အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဦးတင်အောင် (ခင်မွန်း) ကွယ်လွန်သဖြင့် ဒေါ်ခင်အေး (၁၂/အလန (နိုင်) ၀၀၆၄၉၆)က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စ)၊ မြေကွက်အမှတ် (၃၇၄)၊ မြေကွက်တည်နေရာအမှတ် (၃၇၄)၊ ဝဇီယာ(၆)လမ်း၊ (ဦးလှကြည် N/OKA-၀၀၀၏၃၆၇၁) အမည်ပေါက်နှစ် (၆၀) ဂရန်မြေအားအမည်ပေါက် ဖခင် ဦးလှကြည်၊ မိခင် ဒေါ်မြရွှေ ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းငွေ (၁၂/လကန(နိုင်)၁၃၃၅၂၂) က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ယခုနှစ်မိုးရာသီတွင် ပန်းဈေးကွက်ကောင်းသော်လည်း အဆက်မပြတ်ရွာသွန်း ခဲ့သောမိုးကြောင့် ပျက်စီးဆုံးရှုံးမှုများရှိနေ



**ရမည်းသင်း၊ စက်တင်ဘာ ၁၀**

ယခုနှစ်မိုးရာသီတွင် ပွင့်သောပန်းများမှာ ကျပ် ၂၀ မှ ၂၂ ကျပ်ရောင်းရ၍ ဈေးကောင်းရသော်လည်း ယခင်လက အဆက်မပြတ်ရွာသွန်းခဲ့သောမိုးကြောင့် ပျက်စီးဆုံးရှုံးမှုများစွာရှိခဲ့ရာ အများအားဖြင့် နဝင်းချောင်းဘေးတွင်စိုက်ပျိုးကြသော ပန်းခင်းများမှာ အခင်းလိုက် တချို့တစ်ဝက်ပျက်စီးဆုံးရှုံးမှုကြောင့် စိုက်ပျိုးစရိတ်ရှုံးနေကြောင်း သိရသည်။

ယင်းဒေသမှထွက်သောပန်းများကို ရမည်းသင်းမြို့၊ ပျော်ဘွယ်မြို့နှင့် နေပြည်တော်၊ တောင်ငူမြို့၊ ဖြူးမြို့၊ ကညွတ်ကွင်းမြို့၊ ပဲခူးမြို့၊ ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြသည်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ညောင်လေးပင်ရွာ၊ ဆည်တိုရွာ၊ ဈေးကုန်းကြီးရွာ၊ ကုက္ကိုကုန်းရွာ အစရှိသောကျေးရွာများတွင် ဂန္ဓမာပန်းကို တစ်နှစ်ပတ်လုံး စိုက်ပျိုးကြသည်ဟု သိရသည်။

ယင်းဒေသကျေးရွာများတွင် ရွှေစိမ်း၊ ရွှေဝါဝင်း၊ ချက်စိမ်း၊ ကျောက်စိမ်း၊ လပ်ကီး အစရှိသော ဂန္ဓာပန်းမျိုးကို စိုက်ပျိုးကြရာ လပ်ကီးနှင့် ရွှေဝါဝင်းပန်းမျိုးကိုသာ အဓိကထား အများဆုံးစိုက်ပျိုးကြပြီး ယင်းပန်းမျိုးများမှာ ရောဂါ၊ ရာသီဥတုဒဏ် ခံနိုင်ခြင်း၊ အပွင့်အထွက်ကောင်း၍ ဈေးကွက်လည်းကောင်းသောကြောင့် စိုက်ပျိုးကြသည်။

ဦးစွာပန်းစိုက်ပျိုးရန်အတွက် မြေပြင်ခြင်း၊ ထယ်ရေးညက်အောင် ဆောင်ရွက်ခြင်း၊ မြေဩဇာခံခြင်း၊ ပေါင်းသတ်ခြင်းများ ဆောင်ရွက်ပြီး နှစ်ပေဝန်းကျင်ကျယ်သော မြေပေါင်ပြုလုပ်ပေးရသည်။

အရှည်မှာ စိုက်ပျိုးမြေအနေအထားကို မူတည်၍ ပြုလုပ်ကြသည်။ ယင်းမြေပေါင်ပေါ်တွင် ပန်းတစ်ပင်နှင့်တစ်ပင် လေးလက်မခြား၍ ငါးပင်ပြည့်ဝအောင် စိုက်ပျိုးကြသည်ဟုသိရပြီး ပေ ၁၀၀ အရှည်ရှိသော ပေါင်တစ်ပေါင်လျှင် အပင် ၁၃၀၀ စိုက်ပျိုးနိုင်သည်။

ဂန္ဓမာပန်းပျိုးပင်များကို ပြင်ဦးလွင်မြို့နှင့် တောင်ကြီးမြို့တို့မှ ဝယ်ယူစိုက်ပျိုးကြပြီး ပန်းပျိုးတစ်ပင်လျှင် မျိုးအနေအထားပေါ် မူတည်၍ ငါးကျပ်မှ ခုနစ်ကျပ်ဝန်းကျင် ဝယ်စိုက်ရသည်။ မိုးတွင်းကာလတွင် စိုက်ပျိုးချိန် သုံးလခွဲကြာသည်။

နွေရာသီတွင် ငါးလဝန်းကျင်ကြာသည်ဖြစ်ပြီး နွေရာသီတွင် စိုက်ပျိုးပါက ရေပိုလောင်းရခြင်း၊ ဆေးဖိုး၊ မြေဩဇာဖိုး ပိုကုန်သည်ဖြစ်သော်လည်း ပန်းလှသည်။

မိုးရာသီတွင်စိုက်သောပန်းမှာ ရေလောင်းပေးရသက်သာသော်လည်း ရာသီဥတုဒဏ်ကြောင့် ဖွင့်ဖူးလာသည့်ပန်းမှာမလှကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# မွန်လူမျိုးတို့၏ရိုးရာဓလေ့ သဘော်ဆွမ်းကပ်လှူပွဲနှင့် ဆန်အလှူတော်ပေးပွဲ အံ့ဒင်ကျေးရွာတွင်ပြုလုပ်

**ရေး၊ စက်တင်ဘာ ၁၀**

နှစ်စဉ် တော်သလင်းလပြည့်နေ့ရောက်တိုင်း ကျင်းပမြဲဖြစ်သော မွန်လူမျိုးတို့၏ ရိုးရာဓလေ့ သဘော်ဆွမ်းကပ်လှူပူဇော်ပွဲနှင့် ဆန်အလှူပေးပွဲကို ရေးမြို့နယ် အံ့ဒင်ကျေးရွာ အံ့ဒင်ဘုန်းတော်ကြီးကျောင်းတွင် စက်တင်ဘာ ၈ ရက် နံနက် အရုဏ်တက်ချိန်မှစတင်၍ ကျင်းပခဲ့သည်။

အဆိုပါဆန်လှူဒါန်းပွဲသို့ အံ့ဒင်ကျေးရွာအုပ်စုဝင်ရွာများဖြစ်သော နှင်းနူ၊ မြို့ဟောင်းကုန်း၊ နှစ်ကရုတ်၊ ရေးမြက်စခန်းနှင့် ဓမင်းကုန်းရွာများမှ ရွာလုံးကျွတ်နီးပါး လာရောက်ကြပြီး အံ့ဒင်ရွာနေ လှူဒါန်းဖြစ်မြောက်ရေးကော်မတီက ဆန်တင်းပေါင်း ၂၀၀ ကျော် လှူဒါန်းခဲ့ကြကာ ညပိုင်းတွင် မီးပုံးပျံလွှတ်တင်ပွဲနှင့် ပန်းကပ်လောင်းလှူပွဲကို ကျင်းပပြီး မီးပုံးပျံတွင် ရင်ဖွင့်လွှာဆုတောင်းစာများ ချိတ်ဆွဲကာ လွှတ်တင်ခဲ့ကြကြောင်း သိရသည်။

"ဘိုးဘွားစဉ်ဆက် ရိုးရာမပျက်လုပ်လာခဲ့ပေမယ့် ကျောင်းထိုင်ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက်ပိုင်း ခဏရပ်သွားတယ်။ အဲဒီချိန် အသီးနှံတွေ ပိုးထိ၊ ကွမ်းသီးတွေ မရင့်ခင်ကြွေကျ၊ စီးပွားရေးအဆင်မပြေမှုတွေ ဖြစ်ခဲ့ရတယ်။ ခုနောက်ပိုင်း အံ့ဒင်ကျောင်းဆရာတော်ဘဒ္ဒန္တသီလ ဦးဆောင်ပြီး ကျေးရွာရပ်မိရပ်ဖတွေက ဆန်လှူခြင်းအပါအဝင် အားလုံးကို ဝိုင်းဝန်းလုပ်ဆောင်လိုက်တော့ ရိုးရာဓလေ့ကို ထိန်းသိမ်းပြီးဖြစ်သလို စီးပွားရေးလည်း ကောင်းလာကြတယ်။ ရွာသားများကလည်း အဲလိုလုပ်ရင် စီးပွားရေးလာဘ်လာဘ ကောင်းတယ်လို့ ယုံကြည်လက်ခံကြတယ်" ဟု လက်ထောက်ဆရာတော် ဦးနန္ဒက မိန့်သည်။

သဘော်ဦးဆွမ်းမှာ တော်သလင်းအဖိတ်နေ့ညနေပိုင်းတွင် တစ်ရွာလုံးရှိ အိမ်များမှ သစ်သီးများကို ဗန်းများတွင်ထည့်ကာ ဘုန်းတော်ကြီးကျောင်းရှိ သဘော်ပုံစံနေရာသို့ သွားရောက်ပို့ဆောင်ကြပြီး လပြည့်နေ့ နံနက် ၄ နာရီတွင်လည်း သဘော်ပုံယာဉ်ဖြင့် ရွာအနှံ့သွားရောက်ကာ လမ်းများတွင် အသင့်စောင့်ဆိုင်းနေကြသူများထံမှ ပန်းနှင့် သစ်သီးစုံတို့ကို ယူဆောင်ကာ အရုဏ်မတက်မီ ဆွမ်းကပ်လှူပူဇော်ခြင်းဖြစ်သည်။

သဘော်ဆွမ်းကပ်လှူပြီးနောက် ဆန်လှူဒါန်းခြင်းကို ဆက်လက်လုပ်ဆောင်ကာ ဆန်လှူဒါန်းခြင်းမှာ သံဃာတော်များအား လှူဒါန်းခြင်းမျိုးမဟုတ်ဘဲ ဆရာတော်ဦးဆောင်သော ရွာသူရွာသားများက စုပေါင်းထည့်ဝင်ကာ အခြားရွာမှ ချို့တဲ့နွမ်းပါးသူများအား လှူဒါန်းခြင်းဖြစ်သည်။

"ရှေးတုန်းကတော့ ရွာခံတွေက မိမိအိမ်က စပါးတွေသယ်လာပြီး တလင်းပေါ်မှာ လာရောက်စုပုံကြတယ်။ လာယူတဲ့သူတွေက ကိုယ်တိုင်ခပ်ယူပြီး သယ်သွားရုံပဲ။ အရင်ကလူတွေက နားလည်စာနာ ရိုးသားမှုရှိပြီး နောက်လူအတွက်လည်းကျန်အောင် ထားခဲ့ကြပေမယ့် အခုခေတ်က ဒီလိုမျိုးမဟုတ်တဲ့အတွက် ရိုးရာလည်းမပျက် စည်းကမ်းတကျ ညီမျှမှုလည်းဖြစ်အောင် တစ်ဦးကို ဆန်သုံးပြည်နဲ့ ထမင်းထုပ်တစ်ထုပ်စီ ပေးတယ်။ မွေးကင်းစကလေးကအစ အဲဒီအတိုင်းပေးတယ်။ မနှစ်ကထိ ကိုယ်ဝန်ဆောင်ဆို နှစ်ယောက်စာပေးခဲ့ပေမယ့် လိမ်ညာ ဟန်ဆောင်မှုတွေရှိလာတဲ့အတွက် ဒီနှစ်တော့ ကိုယ်ဝန်ဆောင်ကို တစ်ဦးနှုန်းပဲ ပေးတော့တယ်။ တော်သလင်းလပြည့်နေ့မှာ လုပ်ရခြင်းကတော့ လပြည့်ဟာ မွန်လူမျိုးတို့ရဲ့ အထွတ်အမြတ်နေ့ဖြစ်သလို တော်သလင်းလဟာ မိုးများပြီး ဆန်ပြတ်လတ်တဲ့ရာသီဖြစ်တဲ့အတွက် ရှိသူက မရှိသူကို ပေးရမှာဖြစ်တဲ့အတိုင်း လုပ်ဆောင်ရခြင်းဖြစ်တယ်" ဟု ဖြစ်မြောက်ရေးကော်မတီဝင် ဦးအောင်ထောမွန်က ပြောခဲ့သည်။

ဓမ္မစေတီမင်းလက်ထက် ကောဇာသက္ကရာဇ် ၈၃၈ တွင် အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်နှင့် ရဟန်းသံဃာများသည် မွန်ဘာသာ၊ သက္ကတဘာသာ၊ မဂဓဘာသာတို့ဖြင့် ရေးသားထားသော ပိဋကတ်သုံးပုံကို ပါဠိဘာသာသို့ ညှိနှိုင်း ပြန်ဆိုရေးသားရန်အတွက် သီဟိုဠ်ပြည်သို့ ရာမဒူတသဘော်နှင့် စိတ္တဒူတသဘော်နှစ်စင်းတို့ဖြင့် ထွက်ခွာသွားခဲ့ပြီး အပြန်တွင် ရာမဒူတသဘော်တစ်စင်းသာ ရာမညဒေသ သထုံပြည်သို့ ပြန်ရောက်ခဲ့ကာ စိတ္တဒူတသဘော်မှာ မိုးသက်လေပြင်းထိကာ ပျောက်ဆုံးနေခဲ့သည်။

ဘုရင်မင်းမြတ်မှ ပုရောဟိတ်ပုဏ္ဏားများနှင့် တွက်ချက်ပြီး ဟောကြားချက်အရ တော်သလင်းလပြည့်နေ့တွင် သဘော်ပုံစံပြုလုပ်၍ ၎င်းအပေါ်တွင် ဆီးမီးတစ်ထောင် ပန်းတစ်ထောင်နှင့် သစ်သီးမျိုးစုံ တစ်ထောင်တို့ကိုတင်ကာ ဘုရားအား ကပ်လှူပူဇော်ဆုတောင်းရာ ပျောက်ဆုံးနေသောသဘော်မှာ လဆန်း ၂ ရက်တွင် ပြန်လည်ရောက်ရှိလာခဲ့သည်။ယင်းမှအစပြု၍ မွန်လူမျိုးတို့ နေထိုင်ရာ ကျေးလက် ဒေသများတွင် နှစ်စဉ် တော်သလင်းလပြည့်နေ့ရောက်တိုင်း သဘော်ဆွမ်းတင်ပွဲကိုရွာလုံးကျွတ် ကပ်လှူပူဇော်ခဲ့ကြသည်။

**ဆက်နေမင်းအောင်**


## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၁၃

ဒေါ်မြမြစိုး နှင့် ၁။ ဦးခင်မောင်ထွေး
၂။ ဒေါ်ဇင်မာသွင်
တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ရုံလမ်း၊ အမှတ်-၁၆၀၊ ၇-လွှာ(အေ)ရပ်နေ ဒေါ်ဇင်မာသွင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၂၂ရက်(၁၃၇၆ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ရက်) ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ဥမ္မာတင်)
ဒုတိယခရိုင်တရားသူကြီး(၁)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး



## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၇၀

ဦးမျိုးမြင့် နှင့် ၁။ ဒေါ်စန်းစန်း
၂။ ဒေါ်နီနီ
၃။ ဦးထွန်းမြင့်
၄။ ဒေါ်ကြည်
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇/အနောက်)ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ်-၁၀၇၄/ကနေ ၁။ ဒေါ်စန်းစန်း၊ ၂။ ဒေါ်နီနီ၊ ၃။ ဦးထွန်းမြင့်၊ ၄။ ဒေါ်ကြည်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက"ပဋိညာဉ်အတိုင်း မြေနှင့်အဆောက်အအုံ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၂၆ရက်(၁၃၇၆ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုးထုတ်ပေးလိုက်သည်။

(နှင်းသီတာ)ခရိုင်တရားသူကြီး



ရှေးမြန်မာမင်းများ၏
ခေါင်းဆောင်မှုအရည်အသွေးကိုလေ့လာခြင်း (ပထမမြန်မာနိုင်ငံတော်)
ကျော်ကျော်လှိုင် (SMART)



မြန်မာရာဇဝင်ထဲကခေါင်းဆောင်တွေရဲ့
ခေါင်းဆောင်မှုအရည်အသွေးကို အကဲဖြတ်
ထားတာဖြစ်လို့ ရှေးမြန်မာသမိုင်းဆီ
ပြန်လည်စီးမျောရင်း ခေါင်းဆောင်တွေရဲ့
အရည်အသွေးနဲ့ တိုင်းပြည်ရဲ့ကံကြမ္မာ
ဘယ်လောက်အထိဆက်စပ်နေသလဲ
ဆိုတာကို ဖတ်ရှုရမယ့်စာအုပ် ...
ထွက်ပြီ
ဖြန့်ချိရေး - Hub Myanmar
အမှတ် ၂၄/၂၆ ၊ ၄ ဘီ/စီ [illegible] တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၄၂၀၁၃၃၃၇၇ (Hot Line) ၊ ၀၁ ၅၀၁၁၇၆ ၊ ၀၁ [illegible] ၊ ၀၁ [illegible]
၃,၀၀၀ ကျပ်



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၈)၊ မြေကွက်အမှတ်(၄၄၅)၊ ဦးပေါင်နိုးခင်[၁၀/ကတန(နိုင်)၀၁၃၄၈၇]အမည်ပေါက် မြေခွဲ ၂ပါမစ်အား အမည်ပေါက် ဦးပေါင် နိုးခင်ထံမှ ဒေါ်ဌေးဝင်း[၁၂/သဃက(နိုင်)၀၉၃၃၇၀]က ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။
ဖုန်း-၀၉-၃၁၄၆၇၇၀၁

## လူတိုင်းအတွက်ပညာရေး အရှိန်အဟုန်…

စာမျက်နှာ (၁၆) မှအဆက်

ကိုလိုနီလက်အောက်မှ လွတ်မြောက်ပြီးနောက်တွင် ၁၉၅၂ မှစ၍ ဘဝသစ်ပညာရေး အစီအမံ လုပ်ငန်းများကို ပြုလုပ်ခဲ့သည်။ မိတ္ထီလာခရိုင်က အစပြု၍ 'အ' သုံးလုံး အခြေခံ သင်တန်းများ ဖွင့်လှစ်ရေးအတွက် စေတနာ့ ပညာရေးဝန်ထမ်းများ၏ ကူညီမှုဖြင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုသည် ၉၀ ရာခိုင်နှုန်းအထိ တိုးမြင့်လာသဖြင့် အောင်ပွဲခံခဲ့သည်။ ထို့ကြောင့် "စာတတ်မြောက်ရေး အစ မိတ္ထီလာခရိုင်က" ဟူ၍ ပြောစမှတ်ပြုခဲ့ ကြသည်။

မြန်မာ့ပညာရေး တိုးတက်မြင့်တင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များပါ ပူးပေါင်းပါဝင်လာစေရန် ယခုအချိန်တွင် ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်စေခြင်း၊ ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်များကို ထုတ်ပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှု အရှိန်အဟုန်ကို မြင့်တင်ပေးခဲ့ပါသည်။

ပညာခေတ်တွင် ပညာလွှမ်းမိုးနေသော အစဉ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်း၌ အခြေခံအားဖြင့် စာမတတ်မှုသည် လူ့သိက္ခာကို များစွာပင် ညှိုးနွမ်းကျဆင်းစေပါသည်။ လူ့အဖွဲ့အစည်း၌ အခြေခံအားဖြင့် စာတတ်ခြင်း၊ ပညာတတ်ခြင်းသည် လူ့သိက္ခာကို တိုးမြင့်တိုးတက်စေသည်။ သိက္ခာညှိုးနွမ်းရမှု၊ သိက္ခာကျနေရမှု၊ အားငယ်နေရမှု၊ ဘဝဟောင်းမှ ဘဝသစ်သို့ ရောက်ရှိရေးအတွက် ကြိုးစားတက်လှမ်းကြရာတွင် 'လဲနေသူကို ဝိုင်းထူလို့ပေး၊ စာမတတ်သူ ဝိုင်းကူစို့လေး" ဟူသော အားပေးအားမြောက်ခြင်းဖြင့် တွန်းတင်အားထည့်ပေးကြရမည်ဖြစ်ပါသည်။ ထိုသို့ ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လည်း အမျိုးသားရေး လုပ်ငန်းတစ်ရပ်အဖြစ် အရေးတကြီး လိုအပ်လာပါသည်။

ထိုလိုအပ်ချက်များနှင့်အညီ 'ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်' ဖြစ်သည့် ၂၀၀၃ ခုမှသည် ၂၀၁၂ ခုနှစ်ကာလအတွင်း လူတိုင်းလူတိုင်း စာတတ်မြောက်ရေးအတွက် ပညာရေး၏ လက်ရုံးနှစ်ဖက်ဖြစ်သော ကျောင်းတွင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးကို နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်နေကြပါသည်။

တစ်ဖက်တွင်လည်း ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ ကျောင်းရောက်ပြီးနောက် ကျောင်းတက်မှန်စေခြင်း၊ ကျောင်းနေမြဲနေစေခြင်း၊ အခြေခံပညာကို မဖြစ်မနေ သင်ယူဖြစ်အောင် စီမံဆောင်ရွက်ခြင်းဖြင့် 'လူတိုင်းအတွက် ပညာရေး' ကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းနေ အရွယ် ကလေးအားလုံး ကျောင်းနေရေး အစီအစဉ်အရ ၁၉၉၉-၂၀၀၀ ပညာသင်နှစ် မှစတင်၍ ပညာသစ်နှစ် မစမီရက်သတ္တပတ်ကို ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ပြီး အမျိုးသားပညာရေးအနေဖြင့် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ရာ ကျောင်းနေနှုန်းသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့သည်မှာ ဝမ်းမြောက်ဖွယ်ရာပင် ဖြစ်ပါသည်။

၂၀၁၂ ခုနှစ်တွင် မူလတန်းကျောင်းသားများအား ကျောင်းသုံးစာအုပ်အစုံအလင်နှင့် လေ့ကျင့်ခန်းစာအုပ်များကိုပါ အခမဲ့ ဖြန့်ဝေပေးခဲ့သည်။ ထို့ပြင် စာရေးကိရိယာများနှင့် အသုံးအဆောင်များ ဝယ်ယူနိုင်ရန် ငွေကျပ် ၁၀၀၀ စီကိုလည်း ထုတ်ဝေပေးခဲ့သည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် အလယ်တန်းကို အခမဲ့ပညာရေးစနစ်နှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များကို အခမဲ့ ထုတ်ဝေပေးခဲ့သည်။ ၁၉၈၈ မတိုင်မီကပင် ရပ်ဆိုင်းထားခဲ့သော ကင်းထောက်လုပ်ငန်းစဉ်များကို ပြန်လည်အသက်သွင်းကာ လုပ်ဆောင်လာခြင်းက ပညာရေးအရှိန်အဟုန်ကို တိုးတက်မြင့်တင်လာခြင်းပင်ဖြစ်ပါသည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်သမ္မတကြီးသည် ရည်ရွယ်ချက် ၈ ရပ်ကို ချမှတ်ကာ ဆောင်ရွက်ခဲ့သည်။ ထိုရည်ရွယ်ချက်များထဲတွင် စာတတ်မြောက်မှုသည် အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်နေပါသည်။ ထို့ကြောင့် လူတိုင်းလူတိုင်း အရင်ဆုံးပြုလုပ်ရမည့် အရာမှာ စာတတ်မြောက်ရန်ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည်လည်း နှစ်စဉ် စက်တင်ဘာ ၈ ရက်ရောက်တိုင်း စာတတ်မြောက်ရေးဆိုင်ရာ မိန့်ခွန်းများ၊ သဝဏ်လွှာများကို နိုင်ငံအကြီးအကဲများ၊ ဌာနဆိုင်ရာအကြီးအကဲများက ဖတ်ကြားခြင်း၊ စာတတ်မြောက်ရေး အထိမ်းအမှတ် စာပေပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုပေးခြင်း၊ စာတတ်မြောက်ရေးဆိုင်ရာ ပြပွဲပြိုင်ပွဲများကို ကျင်းပပြီး 'နိုင်ငံတကာ စာတတ်မြောက်ရေး' နေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြပါသည်။

ထို့အတူ မြန်မာ့ရေဒီယို၊ ရုပ်မြင်သံကြား၊ နေ့စဉ်ထုတ် သတင်းစာများ၊ ဂျာနယ်၊မဂ္ဂဇင်းများတွင် စာတတ်မြောက်ရေးဆိုင်ရာ ဆောင်းပါးများ၊ ရုပ်ရှင်များကိုထုတ်လွှင့်ပြသပေးခြင်းဖြင့် စာတတ်မြောက်ရေးအတွက် အနုပညာရှင်များကပူးပေါင်းပါဝင်ပေးခဲ့ကြသည်။

လွတ်လပ်ရေးရရှိပြီးသည့် ၁၉၄၈ ခုနှစ်မှစ၍ လူထုပညာရေးအက်ဥပဒေကို ပြဋ္ဌာန်းပြီး လူထုပညာရေးကောင်စီကို ဖွဲ့စည်းကာ လူထုပညာရေးအစီအစဉ်အရ 'အ' သုံးလုံး ကျေးသင်တန်းများ ဖွင့်လှစ်၍ လူတိုင်းအတွက် ပညာရေးအစီအစဉ်အရ ကျောင်းပြင်ပ ပညာရေးအနေဖြင့် စာတတ်မြောက်ရေးသို့ ရှေးရှုကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ၂၄ နှစ်တာ ကာလအတွင်း မြို့နယ်ပေါင်း ၃၁၈ မြို့နယ် အနက် ၂၉၇ မြို့နယ်တို့တွင် စေတနာဖြင့် လုပ်အားပေးပေါင်း ၄၉၀၃၉၈ ဦး စာတတ်မြောက်လာခဲ့ပါသည်။ မြန်မာ့စာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှု သမိုင်းတွင် ထူးခြားမြင့်မြတ်သော မြန်မာ့ဂုဏ်ဆောင်ရလဒ်ကြီးအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ရပါသည်။ ထို့ကြောင့်လည်း ၁၉၇၁ ခုနှစ် စက်တင်ဘာ ၈ ရက် နိုင်ငံတကာ စာတတ်မြောက်ရေးတွင် ယူနက်စကိုအဖွဲ့ချုပ်မှ 'မိုဟာမက်ရီ ဇာပါလာဗီဆု' ကိုလည်းကောင်း၊ ၁၉၈၃ ခုနှစ် စက်တင်ဘာ ၈ ရက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် ယူနက်စကို အဖွဲ့ချုပ်က ချီးမြှင့်သော 'နိုမာဆု' ကိုလည်းကောင်း ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပါသည်။

အချုပ်အားဖြင့်ဆိုရသော် လူသားများ၏ စွမ်းရည် တိုးတက်မြင့်တင်ရေးအတွက် ဆောင်ရွက်ရာတွင် အရေးအကြီးဆုံးမဏ္ဍိုင်မှာ ပညာရေးဖြစ်ပါသည်။ ထို့ကြောင့် 'လူတိုင်းအတွက် ပညာရေး' ဖြစ်လာစေရန် နိုင်ငံတော်အစိုးရနှင့်အတူ ဌာနဆိုင်ရာအသီးသီးများ၊ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့နှင့် ပြင်ပစီးပွားရေးလုပ်ငန်းရှင်များကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနေကြပါသည်။

'တစ်ယောက်အားနှင့် ယူသော်မရ၊ တစ်သောင်းအားနှင့် ယူသော်ရ၏' ဆိုသကဲ့သို့ ပညာရေး အရှိန်အဟုန်မြင့်တင်ရန်အတွက် လူသားအားလုံး ပါဝင်ဆောင်ရွက်ပြီး ခေတ်မီတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဟူသော ပန်းတိုင်ဆီသို့ လျှောက်လှမ်းကြရပါမည်။

'ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်'

ထို့ကြောင့် "လူတိုင်းအတွက်ပညာရေး၊ အရှိန်အဟုန်မြှင့်တင်ပေး" ရေးအတွက် ကျွန်မနှင့်တကွ လူသားအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနိုးဆော်ရင်း ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၈ ရက်နေ့တွင် ကျရောက်မည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလိုက်ရပါတော့သည်။

**မိတ္ထီလာခရိုင်က အစပြု၍ 'အ' သုံးလုံးအခြေခံ. . . .**



မိုးပွင့်အဆင့် (၆) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲအခမ်းအနားကို ဖော့ကန်ရပ်ကွက်၊ အ.မ.က (၂၆) ကျောင်းတွင် ကျင်းပခဲ့ရာ အင်းစိန်၊ မင်္ဂလာဒုံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့်အောင်၊ ဦးစောဆန်နီချန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်တင့်၊ လဝကဦးစီးမှူး ဦးထိန်လင်းသိန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးမြင့်ဆွေ၊ ရပ်မိရပ်ဖ ဦးထွန်းဝေတို့တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူ ၂၄၇ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ခဲ့ကြသည်။ သတင်းနှင့်ဓာတ်ပုံ- ၆၈၄

## မော်လမြိုင်ကျွန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ သား၊သမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

**မော်လမြိုင်ကျွန်း၊ စက်တင်ဘာ ၁၀**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် အတွက် မော်လမြိုင်ကျွန်းမြို့နယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့ သား၊ သမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်းမ၌ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်၊ နယ်မြေခံတပ်ရင်းမှူး ဗိုလ်မှူး နေလင်းဦးနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ တပ်ကြပ်ကြီး ငြိမ်းမောင် (အငြိမ်းစား) တို့ကအမှာစကားပြောကြားကြသည်။

ထို့နောက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ဗဟိုစစ်မှုထမ်းဟောင်းအဖွဲ့မှ ထောက်ပံ့ပေးအပ်သော ပညာသင်ထောက်ပံ့ကြေးများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်ခဲ့ရာ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်စာမေးပွဲတွင် နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အထက်တန်းအဆင့် ကျောင်းသူ၊ ကျောင်းသား ၁၂ ဦး၊ အလယ်တန်းဆင့်ကျောင်းသူ၊ ကျောင်းသား သုံးဦးနှင့် မူလတန်းဆင့်ကျောင်းသူ၊ ကျောင်းသား ၁၃ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ခုနှစ်သိန်းကိုးသောင်းအား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်၊ နယ်မြေခံတပ်ရင်းမှူးနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌတို့က ပညာသင်ထောက်ပံ့ကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီးပေးအပ်ခဲ့ကြသည်။

**မော်ကျွန်းမြင့်အောင်**

**ပြင်ဆင်ဖတ်ရှုပါရန်**
၇-၉-၂၀၁၄ ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၀)၊ ကန့်ကွက်နိုင်ကြောင်း တ/ဥက္ကလာပမြို့နယ် မြေအမည်ပေါက် ဒေါ်လှ ကြော်ငြာပါ GP ရသူ ဦးဆန်းထွန်းဦးအစား ဦးသန်းထွန်းဦးဟု ပြင်ဆင်ဖတ်ရှုပါရန်။

**အမည်ပြောင်း**
ဦးစန်းမောင်၏ သားဖြစ်သူ IGS ကုမ္ပဏီမှ မောင်ကျော်ဇင်ထွန်း [၅/ဝလန(နိုင်)၁၃၁၆၅၀]အား မောင်ဟိန်းသက်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်ဟိန်းသက်

**အမြန်ရောင်းမည်** (ပွဲစားမလို)
**နှင်းဆီကွန်ဒို** (ဗိုလ်တထောင်ဘုရားလမ်း)
1500sqft, MB1,B2,AC3,Ph
မန္တလေး ၃၇၄၆၄၈၊ ၂၄၉၃၈၈၊ ၀၉၄၂၀၂၅၄၀၃

**သုံးရာသီ** ဝမ္မဒါန
အင်းလေးဖောင်တော်ဦးပွဲ
တောင်ကြီး၊အင်းလေး၊ပင်းတယ
ကဲ့လဲ့၊ကက္ကူ-ထန်ဆမ်းလှိုင်ဂူ
လမ်းခရီးစုံမှူး Oct-3
ထမင်းကျွေး--၄၅၀၀၀ဝ-- အဆင့်မြင့်ကားဖြင့်
အိမ်အရောက်လက်မှတ်ပို့ဝန်ဆောင်မှု ၅ ရက်ခရီး
: 420144148, 421153797

**ဖခင်အမည်မှန်**
အထက(၂)သုံးခွ၊ ဒသမတန်း(C)တွင် ပညာသင်ကြားနေသော မအေးနုအောင်၏ ဖခင်အမည်မှန်မှာ ဦးကြိုင်ငွေ[၁၂/သခန(နိုင်)၀၄၆၃၃၅] ဖြစ်ပါကြောင်း။
ဦးကြိုင်ငွေ

**DUAL TECH Vocational Training Centre**
နည်းပညာဖြင့်အနာဂတ်ဘဝတည်ဆောက်လိုသောလူငယ်များအတွက်
City & Guilds အင်္ဂလန် မှတိုက်ရိုက်ရရှိမည့် အင်ဂျင်နီယာဒီပလိုမာဘွဲ့ (၆လ/၁နှစ်)
- Civil (Construction)
- Air-Con & Refrigeration
- Electrical & Electronic
- Welding & Fabrication
- Mechanical Manufacturing
- Maintenance, Installation and Commissioning

တန်းခွဲသစ်များလက်ခံပြီ 10% Off
✓ နိုင်ငံတကာတက္ကသိုလ်များတွင် ကျောင်းဆက်တက်လိုသူများ
✓ Technician Engineer တစ်ယောက်အဖြစ် ရပ်တည်လိုသော ၁၀တန်းအောင်နှင့် ဘွဲ့ရလူငယ်များ တက်ရောက်သင့်ပါသည်။
သင်တန်းကြေးအရစ်ကျ ပေးသွင်းနိုင်သည်။
ပုံမှန်တန်းခွဲများ/ စနေ၊ တနင်္ဂနွေ တန်းခွဲများရှိသည်။
ကမ္ဘာ့အမှတ်အများဆုံး ရွှေတံဆိပ်ဆုကို Air-Con & Refri; ဘာသာရပ်ဖြင့် DUAL TECH မှရရှိခဲ့သည်။
Foundation ဘာသာရပ်များအပြင် လက်တွေ့ကျွမ်းကျင်မှု သင်တန်းများကို အခမဲ့သင်ကြားပေးသည်။
1 → ၂၀၆/၂ ရန်ကင်းလမ်းမကြီး၊ ၁၂လုံးတန်းမှတ်တိုင်(ရှီးမဘဏ်အနီး)၊ ရန်ကင်း၊ ရန်ကုန်မြို့။
Ph : 01 855 0596, 09 730 20 803. E-mail : dualtechtrainingcentre@gmail.com

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုန် ဇုန်(၄)၊ (အနံ့ဇုန်)၊ မော်လမြိုင်လမ်း အမှတ်(၄၄၇) ပေ(၈၀×၆၀)ရှိ ဒေါ်အေးမြင့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်အေးမြင့်[၁၂/လမန(နိုင်)၀၆၁၆၂၆]ထံမှ ကျွန်ုပ်က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
ဦးခိုင်သိန်းဦး
[၁၂/သကတ(နိုင်)၀၃၈၇၃၅]
ဖုန်း-၀၉-၅၀၉၄၀၉၈

**ကန့်ကွက်နိုင်ပါကြောင်း**
အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၄)၊မြေကွက်အမှတ်-၁/ခ B၊ မြေကွက်တည်နေရာအမှတ်-၇၁၅၊ ဗိုလ်တေလမ်း၊ အင်းစိန်မြို့နယ်၊ ဂွာမြေအမည်ပေါက်၊ ဂွာမြေ(အောင်စေတီဂရန်ပေးရေးစီမံချက်အတွင်းမှ ၂၈/၅၁ × ၁၁၉/၁၁၆ =၀.၁၀၈ ကေအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထားသူ ဦးနေလင်းမြတ်(၁၂/အစန(နိုင်)၀၅၇၂၆၀)မှ နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်နိုင်လုံသောအထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# စစ်ကိုင်းတရားလွှတ်တော်တရားသူကြီးချုပ်မှ တရားရုံးများသို့ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့

**စစ်ကိုင်း၊ စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားရုံးနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများတွင် အသုံးပြုရန်အတွက် ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းအစုံ ၄၀ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီအတွင် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစန်းကိုက တရားရုံးများအနေဖြင့် ကွန်ပျူတာကို တွင်ကျယ်စွာအသုံးပြုနိုင်ရန်အတွက် သင်တန်းများပို့ချပေးပြီးဖြစ်သဖြင့် ယခုကဲ့သို့ ကွန်ပျူတာများ ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း သင်တန်းများကို စဉ်ဆက်မပြတ် စေလွှတ်ပေးရန် ရည်ရွယ်ပါကြောင်း၊ တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများအနေဖြင့်လည်း ကွန်ပျူတာများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန် ကြိုးစားကြစေလိုကြောင်း မှာကြားပြီး ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစန်းကိုက ထောက်ပံ့ပေးအပ်ခဲ့သည်။



ခရိုင်နှင့် မြို့နယ်ရုံးများသို့ ပေးအပ်သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအစုံ ၄၀ ၏ တန်ဖိုးမှာ ၂၆၈ သိန်းရှိကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာမျိုးဟိန်းဇော်၊ ဆရာအတတ်သင်ကောလိပ် ကျောင်းအုပ်ကြီး ဦးတင်မောင်အေး၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်တရားရေးဝန်ထမ်း ၄၂ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

# ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာပွဲနှင့် သံဃာအပါး၁၀၀၀ ကျော်အား ဆွမ်းလောင်းလှူ

**မြင်းမူ၊ စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ လက်ပန်ကျေးရွာနှင့် မြောင်မြို့နယ်၊ ဘုးကိုင်းကျေးရွာတို့မှ ကိုးဆယ်ဆအနန္တမေတ္တာ ပရဟိတလူမှုကူညီရေးအသင်းဖွဲ့စည်းတည်ထောင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေသံလွင်ကုမ္ပဏီလီမိတက်က မြင်းမူမြို့နယ်၊ ရွှေယင်းမာကျေးရွာ၊ ရွှေရင်နာ(ပျောက်) ဆုတောင်းပြည့်မြတ်စွာဘုရားအား ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာပွဲနှင့် သံဃာတော်အပါး ၁၀၀၀ ကျော်တို့အား သံဃာ့ဒါန ဆွမ်းလောင်းလှူဒါန်းပူဇော်ပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက်က ရွှေယင်းမာကျေးရွာ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့၊ ဘုရားကြီးကျောင်းတိုက် ဆင်မင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသ၏ဘိဝံသထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီးဒေါ်ဝေဝေခိုင်၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်မိသားစုနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်တော်မူကြပြီး ဆရာတော်ကြီးများထံသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီးဒေါ်ဝေဝေခိုင်၊ ရွှေသံလွင်ကုမ္ပဏီလီမိတက် မိသားစုတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်ပြီး ရွှေသံလွင်ကုမ္ပဏီလီမိတက်မိသားစုက ရွှေယင်းမာကျေးရွာအပါအဝင် ကျေးရွာ ၁၂ ရွာအား Sky Net ရုပ်မြင်သံကြားဖမ်းစက်များ ပေးအပ်လှူဒါန်းပြီး နိုင်ငံတော်သံဃာ့ဝန်ဆောင် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ (သ. စ. အ၊ ဓမ္မာစရိယ)ထံမှ အနုမောဒနာတရား နာယူကြည်ညိုကြကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

**အောင်စိုးဇေ**

# မြို့နယ်စာရေးဆရာအသင်း(ဗဟန်း) ၏လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေး ကျင်းပ

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ် မြို့နယ်စာရေးဆရာအသင်း၏ လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို) က ကျင်းပသော ပထမအကြိမ်ညီလာခံနှင့် ပထမအကြိမ် (ဗဟို) ဦးစီးအဖွဲ့ အစည်းအဝေး၏ အတွေ့အကြုံရှင်းလင်းပွဲကို စက်တင်ဘာ ၇ ရက်တွင် ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်လမ်း မြို့နယ်အုပ်ချုပ်ရေးမှူး ခန်းမ၌ နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်းသိရသည်။

၎င်းအတွေ့အကြုံရှင်းလင်းပွဲတွင် မြန်မာနိုင်ငံစာရေးအသင်း(ဗဟို) မှ အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)၊ ဗဟန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်တို့က အမှာစကားပြောကြားပြီး၊ အဖွဲ့နာယကကြီး ဦးကျော်စိန် (မိုးကုတ်) က မုဒိတာစကား ပြောကြားကာ အတွင်းရေးမှူး တမာမြေလှိုင်မြင့်က အစီရင်ခံစာဖတ်ကြား၍ ဘဏ္ဍာရေးမှူး နီနီ(မြန်မာစာ) က ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြခဲ့သည်။

အဆိုပါ မြို့နယ်စာရေးဆရာအသင်း၏ လုပ်ငန်းဆိုင်ရာနှစ်ပတ်လည် အစည်းအဝေးပွဲတွင် မြို့နယ်စာရေးဆရာအသင်း (ဗဟန်း)နာယကကြီးများဖြစ်ကြသော ဒေါက်တာရီရီလှ(ယုဝတီခင်ဦး)မှငွေကျပ်သုံးသိန်း ဦးကျော်စိန် (မိုးကုတ်)မှ ကျပ် တစ်သိန်း၊ဒုတိယဥက္ကဋ္ဌ ဒေါက်တာဦးထွန်းထွန်းဦး သဒ္ဓမ္မဇောတိကဓဇမှကျပ် တစ်သိန်း ၊ ဒေါ်ဝင်းကြည်မှ ကျပ် တစ်သိန်း၊ ဒေါ်နီနီတင် (မြန်မာစာ) မှ ကျပ် တစ်သိန်း ၊ ဦးစိုးသန်းထွန်း၊ ဦးဝင်းအောင်၊ ဦးကျော်ဆွေ၊ ဒေါ်သင်းသင်းနိုင်တို့မှ မြို့နယ်စာရေးဆရာအသင်းအတွက် ရန်ပုံငွေစုစုပေါင်း ကျပ် ၈၄၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

**တမာမြေလှိုင်မြင့်**

# ပွင့်ဖြူမြို့နယ်တွင် စိုက်ပျိုးရေးဝန်ထမ်းများနှင့်ဒေသခံတောင်သူများ စပါးမျိုးကောင်း မျိုးသန့်ရရှိစေရန် လက်တွေ့ဆွေးနွေးမှုများပြုလုပ်

**ပွင့်ဖြူ၊ စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဌာန၏ လမ်းညွှန်မှုနှင့်အညီ မင်းဘူးခရိုင် စိုက်ပျိုးရေးဌာနနှင့် ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဌာနရှိဝန်ထမ်းများ ပူးပေါင်း၍ ပွင့်ဖြူမြို့နယ် ညောင်ခြုံအုပ်စု ရွာသာကုန်းကျေးရွာမှစတင်ပြီး စပါးစိုက်ပျိုးထောင်သူများကို GPA စနစ်ဖြင့် စပါးပျိုးထောင်စိုက်ပျိုးရန်၊ စပါးမျိုးကောင်းမျိုးသန့်များ ရရှိစေရန်၊ ပိုးမွှားအန္တရာယ်ကျရောက်မှု နှိမ်နင်းရာတွင် စိုက်ပျိုးရေးသုံးဆေးပစ္စည်းများ အသုံးပြုသည့်အချိန် အန္တရာယ်ကင်းရှင်းစွာ အသုံးချတတ်စေရန်နှင့် မြေသြဇာ စနစ်တကျသုံးစွဲတတ်စေရန် စက်တင်ဘာ ၅ ရက်မှ စတင်၍ ဒေသခံတောင်သူများနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲ၌ ခရိုင်စိုက်ပျိုးရေးဌာနမှ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးသိန်းဝင်းက စိတ်ပါဝင်စားသည့် တောင်သူ ၂၂ ဦးတို့အား GAP စနစ်ဖြစ်သော ပေါင်စနစ်ဖြင့် စပါးပျိုးထောင်ခြင်းသည် စပါးမျိုးစေ့နည်းနည်းဖြင့် စပါးပင်များများ ပွားစေကြောင်း၊ အချိန်တိုအတွင်း အပင်ဖြစ်မြန်စေကြောင်း၊ ကုန်ကျမှုစရိတ်သက်သာစေကြောင်းနှင့် စပါးဖျက်ပိုးများကျရောက်ပါက စိုက်ပျိုးသုံးဆေးများ၊ ဆေးဖျန်းပစ္စည်းများ အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်အသုံးပြုတတ်စေရန်၊ မြေဆီမြေသြဇာ စနစ်တကျသုံးစွဲတတ်ရန် ရှင်းလင်းပြောပြသည်။

သီးနှံစိုက်ပျိုးရေး မြေဆီမြေသြဇာ စနစ်တကျသုံးစွဲတတ်ရေး သီးနှံဖျက်ဆီးသော ပိုးမွှားများ ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာများကို သိရှိကြသဖြင့် များစွာဗဟုသုတတိုးပွားကြောင်း၊ ရှေးအစဉ်အလာမိရိုးဖလာအတိုင်းသာ စိုက်ကြပျိုးကြသဖြင့် သီးနှံများ ဖြစ်ထွန်းမှုနည်းပါး၍ ထယ်ထိုး၊ ထွန်မွှောက်ပြီး တခြားသီးနှံများကိုသာအသစ်ပြန်လည် စိုက်ပျိုးကြကြောင်း၊ သီးနှံစိုက်ပျိုးနည်းများကို မှန်မှန်ကန်ကန်သိရှိမည်ဖြစ်ကြောင်း ရွာသာကုန်းကျေးရွာရှိ ဒေသခံတောင်သူများက ပြောသည်။

၎င်းနောက် စပါးဖျက်ပိုးကျရောက်သော စပါးစိုက်ခင်းများကို ပိုးသတ်ဆေးနှင့် အပင်အားဆေးများ လက်တွေ့ဆေးဖျော်စပ်နည်းများ ပြသပြီး လက်တွေ့ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ကျန်ရှိသည့်ကျေးရွာဒေသခံ တောင်သူများကိုလည်း အပြန်အလှန် ဆွေးနွေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ခွဲထက်ရှင်**

## ကုက္ကိုင်းရေကူးအသင်းဝင်များသို့ ပန်ကြားချက်

နှစ်စဉ်ကြေးနှင့်လစဉ် ကြေးပေးသွင်းရန် ပျက်ကွက်နေသည့် အသင်းသူ/အသင်းသားများအနေဖြင့် (၃၁. ၁၀. ၂၀၁၄)ရက် ၊သောကြာနေ့ ညနေ(၄း၀၀)နာရီ နောက်ဆုံးထားပေးသွင်းရန် သတ်မှတ်ထားသည့် ရက်ကျော်လွန်ပါကအသင်းအဖွဲ့စည်းမျဉ်းနှင့် အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်

အမှုဆောင်ကော်မတီ

ဖုန်း: ၀၁-၅၄၂၇၄၉၊ ၀၁-၄၀၁၄၆၇၊ ၀၉-၇၃၂၂၄၀၅၉

## THAN THAN TRAVEL
GLOBAL AIR TICKETING SINCE 1992

ကျွန်တော်တို့ Than Than Travel နှင့် Singapore Airlines တို့ပူးပေါင်းပြီး ရန်ကုန်မြို့ Park Royal Hotel ၌ ယခုလ ၁၂၊ ၁၃ စက်တင်ဘာလတွင် အထူးလက်မှတ် အရောင်းပွဲတော်ကျင်းပပါမည်။ Singapore Airlines ၏အထူးခြားဆုံးဈေးနှုန်းများ နှင့် လက်ဆောင်ပစ္စည်းများ ပေးမည်ဖြစ်ပါ၍ အထူးလက်မှတ်အရောင်းပွဲတော်သို့ ကြွရောက်ကြပါရန် မိတ်ဟောင်း မိတ်သစ်များအား လေးစားစွာဖိတ်ကြားအပ်ပါသည်။

Valid for ticketing from 12 & 13 Sep 2014 (9 AM - 5 PM)
Valid for departure from 15 Sep 2014 to 31 March 2015

Singapore Airlines ၏လက်မှတ်အရောင်းပွဲကို စက်တင်ဘာလ (၁၂) ရက်နှင့် (၁၃) ရက် (၂) ရက်တည်းသာ ...

**PROMOTION**

| | | |
|---|---|---|
| RGN-SIN-RGN | USD | 49++ |
| MDL-SIN-MDL | USD | 69++ |
| INDONESIA | USD | 362++ |
| CHINA | USD | 401++ |
| KOREA | USD | 346++ |
| JAPAN | USD | 362++ |
| AUSTRALIA | USD | 430++ |
| UNITED STATES | USD | 733++ |

14th Floor Sakura Tower Yangon, No 339 Bogyoke Aung San Rd, Kyauktada Ts, Yangon, Myanmar
Ph : +951-255034, 255035, 704190, 095007350, 095100776, 095172822
Email : thanthantrvl@gmail.com Web : www.thanthantravel.com

## "စက်မှုဇုန်မြေကွက်ပိုင်ရှင်များအတွက် သတင်းကောင်း"

စက်မှုဇုန်မြေကွက်တွင် ဆောက်လုပ်မည့် Steel Structure (သံထည်) အဆောက်အအုံ ဂိုဒေါင်များအား Steel Structure & Civil Work "1 sqft - 10,000/- (Material & Labour Cost)" ဖြင့် ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ (Design, Estimate & Structure) များကိုလည်း ဆောင်ရွက်ပေးပါသည်။

**Ph : 09-420011530, 09-5186993, 09-5281272, 09-448044595**
**honeyhtk@gmail.com**

## ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ်(၄၀)၊ ဒုတိယထပ်(၃-လွှာ) ပေ(၂၅×၅၀)အကျယ်အဝန်းရှိ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ထားထားတစ်[၉/မရမ(နိုင်)၀၆၇၀၂၁]သည် ဖော်ပြပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင်ဖြစ်သူ ဦးတင်ယု(ခ) ဦးမန်းရင်ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေကျပ် သိန်း(၅၁၀)ကို ပေးချေခဲ့ပြီးနောက် အရောင်းအဝယ်ကို ကန့်ကွက်ရန် ရှိ/မရှိ ကြော်ငြာအား ၃၀-၁၀-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြော်ငြာခဲ့ရာ ကန့်ကွက်မည့်သူမရှိခဲ့ပါ။ ဒေါ်ထားထားတစ် သည် တိုက်ခန်းဖိုးကျန်ငွေကို သွားရောက်ပေးချေသောအခါ ဦးတင်ယု(ခ) ဦးမန်းရင်က အကြောင်းအမျိုးမျိုးပြပြီး လက်မခံဘဲ အကြိမ်ကြိမ်ရွှေ့ဆိုင်း ခဲ့ပါသည်။ ဒေါ်ထားထားတစ်သည် ဖော်ပြပါတိုက်ခန်းကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်အတွက် ၎င်း၏ ရှေ့နေမှတစ်ဆင့် ဦးတင်ယု (ခ)ဦးမန်းရင်ထံသို့ အကြောင်းကြားစာပေးပို့ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ရောင်းမှား၊ ဝယ်မှားမဖြစ်စေရန် အသိပေးကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးကျော်ဦး **(LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၈၈)
အခန်း-၅၊ အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၁၄၉၆၃၆

# လက်ပန်းတောင်းဒေသ၌ ကျေးလက်ဒေသအရောက် စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်း အမှတ်စဉ် (၃) သင်တန်းဆင်းပွဲပြုလုပ်

**လက်ပန်းတောင်း၊ စက်တင်ဘာ ၁၀**

စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ ကျေးလက်ဒေသအရောက် စက်မှုနှင့် အသက်မွေးပညာရွေ့လျားသင်တန်း (Mobile Vocational Training) အမှတ်စဉ် (၃) သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၈ ရက်၊ နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ် လက်ပန်းတောင်းဒေသ ဆည်တည်း-ဇီးတောရွာသစ် အောင်မြေမြင်သာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တက်ရောက်လာကြသူများအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်းက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် မိမိတို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသကုန်ထုတ်လုပ်ငန်းနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် လုပ်ငန်းစဉ်ရှစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေး စသည့်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှာလည်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းတွင်ရှိသည့် ပြည်သူတစ်ဦးချင်း တစ်အိမ်ထောင်ချင်း၏ ဝင်ငွေတိုးတက်ရေးနှင့် လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်ရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး (People-Centered Development) လုပ်ငန်းများကို ဦးစားပေးပြီး အစီအမံရှိရှိနှင့် လက်တွေ့ဘဝမှာ အမှန်တကယ်တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“တိုင်းပြည် တကယ်ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေချင်တယ်၊ စီးပွားရေးတကယ်အောင်မြင်မြင့်မားစေချင်တယ်ဆိုရင် စက်မှုကဏ္ဍကို အဓိကထားပြီး ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ စက်မှုပညာရပ်များကို ကျွမ်းကျင်တတ်မြောက်ထားမှသာ လယ်ယာလုပ်ငန်းပေါ်မှာ အခြေပြုနေရတဲ့ လက်လုပ်လက်စား ကျေးလက်နေပြည်သူများဟာ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအဆင့်မှ စီးပွားဖြစ်စိုက်ခင်းကြီးများ၊ စီးပွားဖြစ် မွေးမြူရေးကုန်ထုတ်လုပ်ငန်းကြီးများ၊ စက်ရုံစုကြီးများ အဆင့်သို့တိုးတက်လုပ်ကိုင်နိုင်မှာဖြစ်ပြီး စက်မှုလယ်ယာအဆင့်ကို လျင်မြန်စွာကူးပြောင်းလုပ်ကိုင်နိုင်မှာဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

၎င်းနောက် ယခုလို စက်မှုဝန်ကြီးဌာနအနေနှင့် အသက်မွေးပညာရွေ့လျားသင်တန်း (Mobile Vocational Training) များကို ဒေသတွင်း လိုအပ်ချက်ရှိသည့်နေရာထိ ကွင်းဆင်းထိတွေ့ပြီး စက်မှုပညာရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးခြင်းမှာ ဒေသတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်နိုင်ခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများလည်း ပေါ်ပေါက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

“ယနေ့သင်တန်းဆင်း မောင်မယ်များဟာ စက်မှုပညာရပ်များကို ရရှိလိုက်ရုံနဲ့ ရပ်တန့်မနေကြဘဲ အနာဂတ်တစ်နေ့မှာ စက်မှုကျွမ်းကျင်လုပ်သားကောင်းများ ဖြစ်လာအောင် ကြိုးစားကြရင်းဖြင့် တစ်ဆင့်မြင့်တဲ့ စက်မှုပညာရပ်များကို ဆက်လက်လေ့လာဆည်းပူးကြိုးပမ်းကြပါလို့ တိုက်တွန်းပါတယ်။ သင်တန်းမှ စနစ်တကျ အခြေခံကျကျ သင်ကြားပေးလိုက်တဲ့ အသိပညာနှင့် အတတ်ပညာများကို လက်တွေ့ဘဝမှာ ကျွမ်းကျင်စွာအသုံးချနိုင်သည်အထိ ဆက်လက်ကြိုးစား သင်ယူကြပြီး မိမိဘဝအား သမာအာဇီဝကျကျ လျှောက်လှမ်းကြပါ။ စည်းကမ်းပြည့်ဝကာ တာဝန်သိပြီး တာဝန်ယူတတ်တဲ့ ကျွမ်းကျင်လုပ်သားများ ဖြစ်အောင် ကြိုးစားအားထုတ်ကြပါလို့ မှာကြားလိုပါတယ်” ဟု ၎င်းကပြောသည်။

ယင်းမာပင်ခရိုင်အတွင်းရှိ ဆားလင်းကြီးမြို့နယ်၊ လက်ပန်းတောင်းဒေသ ဆည်တည်း-ဇီးတောရွာသစ်၌ အမှတ်စဉ်(၃)သင်တန်းကို အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး) မှ ကျောင်းအုပ်ကြီးနှင့် ဆရာများက စာတွေ့လက်တွေ့အဖြစ် ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းဆင်းအင်အား ၅၆ ဦးကို မွေးထုတ်ပေးနိုင်ပြီဖြစ်၍ ဒေသအတွင်းရှိ ကျေးလက်ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းနှင့် ဆက်လက်ပြီး သင်တန်းများအား လိုအပ်ချက်ရှိရာ ရပ်ရွာများတွင် အခါအခွင့်သင့်သလို စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးစေလိုပါကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ဆက်လက်ပြီး အမှတ် (၂)စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီးက သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံရယူခဲ့သည်။

အဆိုပါ သင်တန်းဆင်းအခမ်းအနားသို့ တက်ရောက်လာကြသည့် စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင်၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်နှင့် တာဝန်ရှိသူများ၊ မြန်မာ-ဝမ်ပေါင်မိုင်းနင်းကောပါးလီမိတက်မှ တာဝန်ရှိသူများ၊ အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများက သင်တန်းဆင်း မောင်၊ မယ်များ၏ လက်တွေ့ပိုင်းအဖြစ် သံဂဟေဆက်ပညာရပ်၊ စိုက်ပျိုးရေးသုံး အင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်း၊ လက်တွန်းထွန်စက်မောင်းနှင်ခြင်း စသည့်လက်တွေ့လုပ်ဆောင်မှုနှင့် စွမ်းရည်ပြသခြင်းအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

တာဝန်ရှိသူများက သံဂဟေဆက်သင်တန်းတွင် ထူးချွန်သူ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် စိုက်ပျိုးရေးသုံး အင်ဂျင်ငယ်နှင့် မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းတွင် ထူးချွန်ဆု ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား မော်တော်ဆိုင်ကယ်စီးဦးထုပ်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ညောင်ရွှေမြို့နယ်၌ အသိပညာပေး ဟောပြောပွဲကျင်းပ

**ညောင်ရွှေ၊ စက်တင်ဘာ ၁၀**

ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ပညာပေးဟောပြောပွဲကို ညောင်ရွှေမြို့နယ် ဘန်းပြင်ကျေးရွာအုပ်စု နန်းတက်ရွာတွင် စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ပညာပေးဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကြီးမြင့်က မူးယစ်ဆေးဝါးဆိုင်ရာဥပဒေများ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးဌေးလွင်က အစုအဖွဲ့ ပိုင်သစ်တောထူထောင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအုံ့ကျော်ဦးက လယ်ယာကဏ္ဍတိုးတက်မြင့်မားရေးနှင့် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေး၊ မြေစာရင်းဦးစီးဌာနမှ လယ်ယာမြေဥပဒေ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးနေမျိုးသူရိန်က မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းစဉ်များနှင့် အသိပညာမြင့်မားရေးအကြောင်းတို့ကို ရှင်းလင်းဟောပြောခဲ့ရာ ဒေသခံ ၂၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။



**(၆၇၃)**

## အာဟာရချို့တဲ့ကလေးများ အာဟာရကျွေးမွေး

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

ရန်ကုန် မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှဲ့လှဲ့ဝင်းဦးဆောင်လျက် အလုပ်အမှုဆောင်အဖွဲ့နှင့်အတူ ရွှေပြည်သာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စိုးမိုးတို့ လိုက်ပါလာကာ စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲက ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းကျေးရွာရှိ အာဟာရချို့တဲ့နေသည့် လူမမယ်ကလေးငါးဦးကို လက်တွေ့အာဟာရကျွေးမွေးခြင်းနှင့်အတူ အာဟာရပစ္စည်းများကို ကလေးမိခင် ငါးဦးတို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ယင်းအဖွဲ့မှ ရွှေပြည်သာမြို့နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြိုကျောင်းအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများအား အာဟာရမုန့်များ ထောက်ပံ့ပေးအပ်ခြင်းအပြင် မူကြိုကျောင်းရှိ ဆရာမများအား ငွေကြေးများထောက်ပံ့ ကူညီခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ဦး (ခနဖြူ)**


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ မြေကွက်အမှတ်(၆၃၅)၊ မြေကွက်တည်နေရာအမှတ်(၆၃၅)၊ မင်းရဲကောင်းပုံလမ်း၊ (၁၀၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒေါ်ခင်ရွှေ[၁၂/သဃက(နိုင်)၀၆၅၆၃၉]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ရွှေ(မိခင်)၊ ဦးဆွိယက်ထိုက်(ဖခင်)တို့ ကွယ်လွန်၍ ဦးအောင်မြင့်[၁၂/သဃက(နိုင်)၁၄၂၈၉၃]၊ ဦးခင်ညွှန့်[၁၂/သဃက(နိုင်)၁၄၂၈၉၄]၊ ဒေါ်တင်တင်မော်[၁၂/သဃက(နိုင်)၀၀၂၃၇၉]၊ ဦးလှမျိုး[၁၂/သဃက(နိုင်)၀၀၂၃၇၇]၊ ဒေါ်မိမိမော်[၁၂/သဃက(နိုင်)၀၀၂၃၇၈]၊ ဒေါ်ဝင်းဝင်းမော်[၁၂/သဃက(နိုင်)၁၄၃၂၉၁]တို့မှ သား၊ သမီးဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)အနော်မာ၊ မြေကွက်အမှတ်(၆၈၇/က)၊ မြေကွက်တည်နေရာအမှတ်- ၆၈၇/က၊ အနော်မာ(၁၆)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်ခင်ပု) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ပု(ယောက္ခမ)၊ ဦးထွန်းစိန်(ယောက္ခထီး)နှင့် တစ်ဦးတည်းသော သားဖြစ်သူ ဦးချစ်မောင်(ခင်ပွန်း)တို့ ကွယ်လွန်သဖြင့် ဇနီးနှင့် ချွေးမတော်စပ်သူ ဒေါ်ရီရီ (CI-၀၃၀၉၃၆)နှင့် ၎င်းတို့၏သားသမီးများဖြစ်သော ဦးမောင်အေး[၁၂/ပဇတ(နိုင်)၀၁၆၉၉၄]၊ ဒေါ်အေးအေးသန်း[၁၂/သကတ(နိုင်)၁၁၈၇၅၇]၊ ဦးလှမြင့်[၁၂/သကတ(နိုင်)၀၀၉၃၅၇]၊ ဦးလှထွန်း[၁၂/သကတ(နိုင်)၀၁၈၇၆၄]၊ ဒေါ်တင်တင်အေး[၁၂/သကတ(နိုင်)၁၁၈၇၅၉]တို့မှ သေစာရင်းနှင့်ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများ ဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### အမှတ်-၄၄၁၊ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်ရှိ (၃)ခန်းတွဲ၊ (၆)ထပ်၊ (၁၈)ခန်း၊ ကားပါကင်နေရာ မြေ အိမ်အကျိုးခံစားခွင့်များနှင့်စပ်လျဉ်း၍ သတိပေးတားမြစ်ထားကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅-ဘီ)၊ မြေကွက်အမှတ် (၃၂အိပ်ချ်/၁/ဘီ)၊ ၃၇အက်ဖ်/၁ဘီ၊ ဂရန်ရှိ မြေပိုင်မြေမျိုး၊ မြေအကျယ်(၀. ၁၃၁)ဧကနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၄၄၁၊ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သော (၃)ခန်းတွဲ၊ (၆)ထပ် အိမ်ငှား(၁၈)ခန်းပါတိုက်အိမ်နှင့် မြေညီကားပါကင်နေရာ အကျိုးခံစားခွင့်ကို ပိုင်ရှင် ဦးအောင်ကြီး[၁၂/ဗဟန(နိုင်)၀၈၁၉၉၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်လတ်က ၉-၃-၂၀၁၄ ရက်တွင် ဝယ်ယူလက်ရှိရထားပြီးဖြစ်သဖြင့် အဆိုပါပစ္စည်းအားလုံး၏ ပိုင်ရှင်အသစ်မှာ ဦးခင်မောင်လတ်[၁၂/ပဘတ(နိုင်)၀၂၀၇၁၆] ဖြစ်ပါကြောင်းနှင့် မြေနှင့်တိုက်၊ ကားပါကင်နေရာ၏ ပိုင်ရှင် ဦးခင်မောင်လတ်၏ ခွင့်ပြုချက်မရရှိဘဲ ကားပါကင်နေရာတွင် ရေချိုးခန်း၊ အိမ်သာနှင့် တိုးချဲ့အဆောက်အအုံများ တည်ဆောက်တိုးချဲ့ခြင်း၊ ရုံးခန်းဖွင့်လှစ်ခြင်း၊ စီးပွားရေးလုပ်ငန်း လုပ်ဆောင်ခြင်းတို့ကို ခွင့်မပြုကြောင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ဆောင်ရွက်ခြင်းများကို မည်သူကမျှ ပြုလုပ်ပိုင်ခွင့်မရှိကြောင်း သတိပေးတားမြစ်လိုက်ပါသည်။

မလိုက်နာသူများအပေါ် တည်ဆဲပြစ်မှုကြောင်း၊ တရားမကြောင်းဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း ယခင်ပိုင်ရှင် ဦးအောင်ကြီးနှင့် တိုက်ခန်း(၁၈)ခန်းနေထိုင်သူများအပါအဝင် သက်ဆိုင်သူအများသိစေရန် သတိပေးတားမြစ်ထားကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

၁။ ဦးလှမြင့်(ဒဂုံ)(စဉ်-၉၀၁၂) H.G.P,W.I.P.O(SWITZERLAND)

၂။ ဦးတင်အောင်ကြည်(တောင်သုံးလုံး) LL.B (စဉ်-၃၀၇၂၂)

အထက်တန်းရှေ့နေများအဖွဲ့

အမှတ်-၇၊ မြေညီထပ်၊ ၃၃-လမ်း(အောက်ဘလောက်)၊ (၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၅၃၄၃၆၉၊ ၀၉-၅၀၃၁၈၁၀

### အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အပိုင်(၃)၊ ရွာသာကြီးရပ်ကွက်၊ သိန်းတစ်ရာလမ်း၊ (သုခကံဆေးဆိုင်)၊ အမှတ်(၁၄၅)နေ ဦးကျော်ကျော်ဦး [၁၂/ဒဂတ(နိုင်)၀၁၇၂၄၅]သည် ဒေါ်လှလှမြင့်[၁၂/လကန(နိုင်)၀၃၆၄၆၅] ပိုင်ဆိုင်သော မြေကွက်အမှတ်(၇၁၄)၊ (၈၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ဧရိယာပေ(၄၀×၆၀)ရှိ မြေကွက်အား ၂၁-၁-၂၀၁၃ ရက်တွင် အသိသက်သေများဖြစ်ကြသော ဒေါ်ချိုနှင့်ဦးကျော်စိုးထွန်းတို့ရှေ့မှောက်တွင် အရောင်းအဝယ်စာချုပ်ပြုလုပ်၍ လက်မှတ်ရေးထိုးချုပ်ဆိုပေးခဲ့ပြီး အဆိုပါမြေကွက်အား အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ပြီးစီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်ကျော်ဦး
အမှတ်(၁၄၅)၊ (သုခကံဆေးဆိုင်)
အပိုင်(၃)၊ ရွာသာကြီးရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊

### အများသိစေရန်ကြော်ငြာခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၉၁၃/က)၊ မြေကွက်တည်နေရာအမှတ်(၉၁၃/က)၊ မာလာမြိုင် (၃) လမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဦးလှသောင်း(TTA-၀၅၂၂၃၄) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှသောင်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၁၆၉၉၈ (၁၂-၉-၁၃)ရသူ ဒေါ်ယုယုနိုင် [၁၂/သကတ (နိုင်)၀၆၂၆၆၃]မှဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး ကန့်ကွက်သူမရှိပါသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ ၁၆-၂-၉၆ ရက်တွင် ထုတ်ပေးခဲ့သော ဦးလှသောင်း အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မူရင်းစာအုပ်အား ဤဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ကြီးပွားရေး(မြောက်)၊ မြေကွက်အမှတ်-၄၈၆/က၊ မြေကွက်တည်နေရာ-အမှတ်(၄၈၆/က)၊ အောင်ဇမ္ဗူလမ်း၊ ဦးအောင်စိန်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်စိန်[၁၂/မဘန(နိုင်) ၀၁၀၅၃၈]က မြေချပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာတွင် မြို့မြေစာရင်း၌ ဦးအောင်စိန်အမည်ဖြင့် နှစ်(၆၀) ဂရန် ထွက်ပြီးကြောင်း မှတ်သားထားသဖြင့် ဂရန် လက်ဝယ်ရှိသူမှ ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းရီ အသက်(၈၀)

စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်-ဒေါ်သူဇာဝေတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်သန်းရီသည် ၈-၉-၂၀၁၄ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၂)၊ ဂန္ဓမာလမ်း၊ ငွေကြာရံရိပ်သာ၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းရီ(မုဒုံ)
## အသက်(၈၀)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့်ဇနီး ဒေါ်သူဇာဝေ တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်သန်းရီ အလယ်တန်းပြ(ငြိမ်း) အသက်(၈၀)သည် ၈-၉-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းရီ(မုဒုံ)
## အသက်(၈၀)

ဦးဇေယျာအောင်(ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်သူဇာဝေတို့၏ မိခင် ဒေါ်သန်းရီ (မုဒုံ)အသက်(၈၀)သည် ၈-၉-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဖေသက်ညွန့်-ဒေါ်ခင်သန်းဆွေ မိသားစု**
**ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းရီ(မုဒုံ)
## အသက်(၈၀)

